# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၆၁)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၃ ရက် ၊ ၁၈-၅-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် 5D LED မှန်တံတားအား ဖြတ်သန်းကြပြီး ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များ၊ Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုပြီး Sky Cable Car ဖြင့် လိုက်ပါစီးနင်းသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် အပန်းဖြေစခန်း အတွင်း 5D Cinema ဆောင်ရွက်သွားမည့်အခြေအနေများအား

စာမျက်နှာ ၃ သို့ ○

**Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများ လှည့်လည်ကြည့်ရှု**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ၌ Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစဉ်။



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၇

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်

နေပြည်တော် မေ ၁၇

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီး ဖြစ်သည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့။

မန္တလေးနေ့စဉ်

## ပြင်ဦးလွင်မြို့တွင် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့အား အဆင့်မြှင့်တင်ဖွင့်လှစ်

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့်လမ်း(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၁၆ ရက် နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိက လမ်းမကြီး (၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅) လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅)လမ်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား အဆင့်မြှင့်တင်ခြင်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင် တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် နှစ်လမ်းသွားဖြစ်သော်လည်း ကား နှစ်စီး တိမ်းရှောင်ရန် လုံလောက်သည့် အခြေအနေတွင် မရှိသောကြောင့် လမ်း (၅)လမ်း၏ စုစုပေါင်းအရှည် (၃၂၈၁၃)ပေအား အကျယ် ၂၄ ပေအထိ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နိုင်လွန်ကတ္တရာလမ်းပေါင်း (၁၆)လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နန်းယွန်းမြို့တွင် ကော်ဖီအပင်(၂၀၀) မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုး

**နန်းယွန်း မေ ၁၇**

ကော်ဖီ အပင်(၂၀၀) မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို မေ ၁၆ ရက် နံနက်ပိုင်းက နာဂဒေသ၊ နန်းယွန်းမြို့၊ ရောကော့ရပ်ကွက်၊ တောင်သူ ဦးစံမိန်း၏ လိမ္မော်ခင်းတွင် ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို နန်းယွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ အစီအမံဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒခံစားရရှိရေးတို့နှင့် ကော်ဖီစိုက်ပျိုး၍ အောင်မြင်လာပါက ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ရရှိစေရေးတို့ကို ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်သည်။

စုပေါင်းစိုက်ပျိုးထားသော ကော်ဖီပင်များ ရေရှည်ရှင်သန်ဖြစ်ထွန်းရေးကို နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မိုးရာသီ ကော်ဖီပင်စိုက်ပွဲတော်သို့ နန်းယွန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးနောက်တွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘာမန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကာ ကော်ဖီပင်များကို သက်ဆိုင်ရာသို့ အသီးသီးပေးအပ်၍ စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

## ကျောင်းစိမ်းဝတ်စုံနှင့် စာရေးကိရိယာဈေးကွက် ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်လာ



ကျောင်းစိမ်းဝတ်စုံနှင့် စာရေးကိရိယာဈေးကွက် ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်လာကြောင်း ကျောင်းသား မိဘများထံက သိရသည်။

ကျောင်းဖွင့်ရာသီ ရောက်ရှိလာချိန်တွင် ကျောင်းစိမ်းဝတ်စုံနှင့် စာရေးကိရိယာဈေးကွက်တွင် ယခင်နှစ်ထက် ဈေးနှုန်းများ မြင့်တက်လာရာ ကျောင်းစိမ်းဝတ်စုံ တစ်စုံလျှင် ငွေကျပ် ၄၀၀၀၀ ကျော်၊ ဗလာစာအုပ် တစ်ဒါဇင်လျှင် ငွေကျပ် ၂၀၀၀၀၊ ကျောပိုးအိတ် တစ်လုံးလျှင် ငွေကျပ် ၄၀၀၀၀ ခန့် ပေါက်ဈေး ရှိနေကြောင်း ကျောင်းသား တစ်ယောက်ကို အနည်းဆုံး ငွေကျပ် တစ်သိန်းကျော် ကုန်ကျကြောင်း မန္တလေးမြို့မှ ကျောင်းသားမိဘ ဒေါ်မြနှင်းပွင့်က ပြောသည်။ (အပေါ်ပုံ)

"ပညာရေးဝန်ကြီးဌာနက ထုတ်တဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ စာအုပ်ကတော့ တစ်ဒါဇင်ကို ငွေကျပ် ၉၀၀၀ နဲ့ ဝယ်လို့ရပါတယ်။အခြားတံဆိပ်တွေကတော့ တစ်ဒါဇင် ငွေကျပ် ၂၀၀၀၀ ကျော်အထိ ပေါက်ဈေးရှိပါတယ်။ ကျောင်းစိမ်းဝတ်စုံဆိုရင်လည်း အင်္ကျီအဖြူတစ်ထည် ငွေကျပ် ၁၅၀၀၀-၁၈၀၀၀ အနည်းဆုံးဝယ်ရပါတယ်။ ကျောင်းစိမ်း ပုဆိုး၊ လုံချည် တစ်ကွင်းလျှင် ငွေကျပ် ၂၅၀၀၀ အနည်းဆုံးပါ။ ကျောပိုးအိတ် တစ်လုံးငွေကျပ် ၂၀၀၀၀ တန်ဆိုရင် တစ်နှစ်လုံး မလွယ်ရဘူး။ တစ်လုံးငွေကျပ် ၄၀၀၀၀ တန်လောက်မှ တစ်နှစ်လုံး လွယ်လို့ရပါတယ်။ ကျောင်းသားတစ်ယောက်ကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာ အားလုံး ငွေကျပ် တစ်သိန်းကျော်ကုန်ပါတယ်"ဟု ၎င်းက ပြောသည်။

ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း များ၏ ကျောင်းလခများမှာလည်း ယခင်နှစ်ထက် အတန်းအလိုက် ငွေကျပ် သုံးသိန်းမှ ငါးသိန်းခန့် ဈေးမြင့်တက်လာကြောင်း၊ မူလတန်း၊ အလယ်တန်း၊အထက်တန်း ကျောင်းလခများမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းမှ ငွေကျပ် သိန်း ၂၀ အထိ ပေါက်ဈေး ဖြစ်လာရာ ယခင်နှစ်ထက် ငွေကျပ် ငါးသိန်း မြင့်တက်လာကြောင်း၊ ကိုယ်ပိုင်ကျောင်းများ၏ ကျောင်းဝတ်စုံ စရိတ်မှာလည်း ငွေကျပ် ၄၀၀၀၀ ကျော် ပေးသွင်းရကြောင်း ကိုယ်ပိုင်ကျောင်း အပ်နှံသည့် ကျောင်းသားမိဘ ဒေါ်သီတာက ပြောသည်။

အစိုးရကျောင်း တက်ရောက်မည့်ကျောင်းသားများမှာ ဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် ကျောင်းဝတ်စုံတစ်စုံကို အခမဲ့ ရရှိကြကြောင်း သိရသည်။

**ရွှေမန်း**

## ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခပ်ခြင်းများ ဆောင်ရွက်

**မြစ်သား မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခပ်ခြင်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြစ်သားမြို့ ဘူတာရပ်ကွက်၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ ပူးပေါင်းကာ မိုးဦးကျရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ငှက်ဖျားရောဂါကင်းဝေးစေရန်အတွက် နေအိမ်များတွင် ခြင်များ ခိုအောင်းနေထိုင်ပေါက်ပွားမှုမဖြစ်ပေါ်စေရေး ရေအိုး၊ ရေစည်၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များသို့ အဘိတ်ဆေးခပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရပ်ကွက်နေ ပြည်သူများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



**ဝါဝါမြင့်(မြစ်သား)**

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁)
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။
စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊
ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန - ဖုန်း ၀၉-၇၅၁၁၇၀၁၁၉၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ၌ ဆင်လေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ငှက်များအား အစာကျွေးစဉ်။

○ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ခရီးသွားများ၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေ အနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်း သာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများ သန့်ရှင်း ကြည်လင်မှုရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘေးကင်းလုံခြုံမှု ရှိစေရေးနှင့် စနစ်တကျရှိစေရေး ဝန်ဆောင်မှုကောင်းပေးသွားရန်နှင့် အခြားဖြည့်စွက် ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ကို သဘာဝအလျောက် တည်ရှိနေသည့် သစ်ပင်ကြီးများ၊ ကျောက်တုံးများနှင့် စီးဆင်းနေသော ချောင်းရေအား အရည်အသွေးမြှင့်ထိန်းသိမ်းပြီး သစ်တောဂေဟစနစ်များကို လေ့လာနိုင်သည့် နေရာတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ရန်၊ နိုင်ငံတကာအဆင့်မီ သဘာဝ အပန်းဖြေစခန်း တစ်ခုအဖြစ် တည်ဆောက်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ၂၀၂၁ ခုနှစ်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပန်းဖြေစခန်းအတွင်း လာရောက်လည်ပတ်သူ ခရီးသွားပြည်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး 5D LED မှန်တံတား၊ အရှည် ၅၅၄ မီတာရှိ Sky Cable Car၊ Roller Coaster၊ Bumper Car၊ Tea Cups၊ Marry-Go-Round၊ Dinosaur Kingdom၊ တောတွင်း လျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများကို ထည့်သွင်းဆောင်ရွက်ထားရှိပြီး သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကာ ပြင်ဦးလွင်မြို့၏ Land Mark နေရာများမှ တစ်ခုအဖြစ် ပြည်တွင်းပြည်ပမှ ခရီးသွားများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**သုမင်္ဂလာဈေးနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည်သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်သို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးကွက်ရရှိမှုနှင့် ဈေးရောင်းချရရှိမှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြပြီး ဥယျာဉ်အတွင်း သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ကျေးငှက်တိရစ္ဆာန်များအား စနစ်တကျမွေးမြူ ပြသထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကန်တော်ကြီးအတွင်းရှိ ငါးများနှင့် ဘဲငန်းများအား အစာကျွေးသည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား ဥယျာဉ်မှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီး ဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဥယျာဉ်အတွင်း ရေအရင်းအမြစ် ထိန်းသိမ်းထားရှိမှု၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ ပန်းပွဲတော်များကို နှစ်အလိုက် ကျင်းပပြုလုပ်လျက်ရှိမှုနှင့် အခြားလူထုစုပေါင်း လှုပ်ရှားမှုများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမျိုးသား ကန်တော်ကြီး ဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထင်ကရ Land Mark နေရာတစ်ခုဖြစ်သဖြင့် ကန်များ၌ ရေများ အမြဲပြည့်နေပြီး သစ်ပင်ပန်းမန်အလှအပများဖြင့် အစဉ်လှပနေစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥယျာဉ်အတွင်း မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်များအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်သွားရန်နှင့် သဘာဝအတိုင်း နှစ်လိုချမ်းမြေ့ဖွယ် မြင်ကွင်းရရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊

စာမျက်နှာ ၄ သို့ ○

**ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ခရီးသွားများ၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြား သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများ သန့်ရှင်းကြည်လင်မှုရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စနစ်တကျရှိစေရေး ဝန်ဆောင်မှုကောင်းပေးသွားရန်နှင့် အခြားဖြည့်စွက်ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြား**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်နေမှုအခြေအနေများကို နယ်မြေခံစစ်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❍ စာမျက်နှာ ၃ မှ

ပြင်ဦးလွင်ဒေသတွင် ဆယ့်နှစ်လရာသီပတ်လုံးဖူးပွင့်နိုင်ပြီး ရနံ့စုံသည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့ လာရောက်ကြသည့် ခရီးသွားအပန်းဖြေသူ ဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများအမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပန်းတို့၏ သဘောသည် လူကိုလန်းဆန်းစေပြီး လူတိုင်းနှစ်သက်ကြကြောင်း၊ ပန်းအလှအပများ၊ ကန်ရေပြင်၊ အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကိုလာရောက်သူများ စိတ်အေးချမ်းမှုရရှိစေရန် ပေးစွမ်းနိုင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်တော်ကြီးဥယျာဉ် အမြဲစိမ်းလန်း စိုပြည်စေရေး၊ ရေကန်များ ရေဝင်ရေထွက် ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသမျိုးရင်းပန်းများ ဖြစ်သည့် မေမြို့ပန်းနှင့် ဂန္ဓမာပန်းတို့ကို ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး မျိုးစေ့ထုတ်လုပ်ဆောင်ရွက်သွားရန်နှင့် ပန်းများ၏အရောင်အဆင်း၊ရနံ့များ ပိုမိုကောင်းမွန်စေရေး သုတေသနပြု စိုက်ပျိုးသွားရန်လိုကြောင်း၊ ဥယျာဉ်အတွင်းပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး Master Plan စနစ်တကျရေးဆွဲ၍ Green House များဖြင့် စိုက်ပျိုးသွားရန်၊ တောတွင်းလျှောက်လမ်းအားအသစ်ပြန်လည်တည်ဆောက်သွားရန်၊ ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် ညီညွတ်မျှတသည့် ရာသီဥတုကိုဖော်ဆောင်နိုင်ရေး ဝါးစိုက်ခင်းများတည်ထောင်ကာ ဝါးပင်များအကြား ဝါးပင်တန်းလျှောက်လမ်း တည်ဆောက်သွားရန်၊ ချယ်ရီပင်များကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြှင့်ဈေးသစ်၌ ဈေးဆိုင်ခန်းများအလိုက် ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပရာ အလှူငွေများမပေးအပ်မီနိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းကို စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိကြီးများ၊ သင်ကြားရေးတာဝန် ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများက ဦးဆောင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆရာကြီး၊ ဆရာမကြီးတို့သည် မိဘနှင့် တစ်ဂိုဏ်းတည်းထားရမည့် ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိမိတို့ကျောင်းဆင်းအရာရှိများအပေါ် လူကောင်း သူကောင်းများ ဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း Guardian စနစ်ဖြင့် ဆင့်ကဲကွပ်ကဲအုပ်ချုပ်ကြရပြီး အထက်အောက်စနစ်တကျ ညီညွတ်မျှတစွာ ညီရင်းအစ်ကိုသဖွယ် မိဘသဖွယ်စောင့်ရှောက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်သူ Guardian များသာမက ဆရာ ဆရာမများသည်လည်း သွန်သင်ဆုံးမမှုများ၊ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အား မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်တတ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး သင်ကြားလေ့ကျင့်ပေးခဲ့သည့်ဆရာ ဆရာမများ၊ အုပ်ချုပ်သူများအားလုံးကို မိမိတို့အနေဖြင့် အစဉ်အမြဲအမှတ်ရ ကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (ဗိုလ်ချုပ်မှူးကြီး အငြိမ်းစား) နှင့် အလှူရှင်များက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

**အနီးစခန်းလေဆိပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အနီးစခန်း လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ် အဆင့်မြှင့်တင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နယ်မြေခံ စစ်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ရာတွင် အရည်အသွေး ပြည့်မီမှုရှိစေရေးအတွက် အရည်အသွေး စစ်ဆေးထိန်းသိမ်းရေးအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေဆိပ် အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ လေယာဉ်ရပ်နားရန်နေရာသစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဝင်လမ်းနှင့် လေဆိပ်ဝန်းကျင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေကြောင်းထိန်း မျှော်စင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းသည် ပြည်တွင်းခရီးစဉ်များအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် သစ်သီးများနှင့် ပန်းမန်များအား အခြားဒေသများသို့ လွယ်ကူလျင်မြန်စွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ လေဆိပ်အသစ်တည်ဆောက်ထားမှု အခြေအနေအရ တစ်ရက်လျှင်ခရီးသွား ၁၀၀၀ ခန့် ဝင်ထွက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လေဆိပ်အတွင်း ခရီးသွားပြည်သူများ နားနေရန်အတွက် ထိုင်ခုံနေရာချထားမှုများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင်လည်းသတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း ဖြစ်စေရေး စနစ်တကျတွက်ချက်တည်ဆောက် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ လေဆိပ်တွင် လေယာဉ်ဆင်းသက်မှုနှင့် ထွက်ခွာမှုများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းသာယာမှုရှိစေရေးအတွက် သစ်ပင်များကို စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ လက်ရှိလေဆိပ်အသစ် တည်ဆောက်ထားမှုအခြေအနေအရ တစ်ရက်လျှင် ခရီးသွား ၁၀၀၀ ခန့် ဝင်ထွက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လေဆိပ်အတွင်း ခရီးသွားပြည်သူများနားနေရန်အတွက် ထိုင်ခုံနေရာချထားမှုများကို စနစ်တကျဆောင်ရွက်သွားရန်လို

❖ လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်းဖြစ်စေရေး စနစ်တကျ တွက်ချက်တည်ဆောက် အဆင့်မြှင့်တင်သွားရန်လို

# လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မက္ခရာမြို့နှင့်ပလိပ်မြို့ရှိ ဘုရားများပြန်လည်ပြုပြင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကြည့်ရှုစစ်ဆေး



မန္တလေး မေ ၁၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မက္ခရာမြို့ဟောင်းရှိ လျှောင်ဒဏ်သင့် ဆေးဘုရားနှင့် ရွှေရောင်တော်ဘုရား ငါးဆူသို့ ရောက်ရှိပြီး ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ အမှူးပြုသော ဂေါပကအဖွဲ့၊ ဩဝါဒါစရိယဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မက္ခရာဆေးဘုရား၊ အမရပူရခေတ်လက်ရာ နံရံဆေးရေးပန်းချီများရှိသော ရွှေရောင်တော်ဘုရားလိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပုလိပ်မြို့ လျှောင်ဒဏ်သင့် ရှင်ပင်ဂူလှဘုရားသို့ သွားရောက်ဖူးမြော်ပြီး ရတနာမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ဂေါပကအဖွဲ့၊ ဩဝါဒါစရိယဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရှင်ပင်ဂူလှဘုရား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





မန္တလေး မေ ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ ထမုန်ကန်ကျေးရွာနှင့် သပြေဝကျေးရွာများတွင် ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး ဆိုလာရေတင်စနစ်ဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ နွေရာသီကာလအတွင်း ရေသိုလှောင်နိုင်ရန် မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျဆောင်ရွက်**

ထို့နောက် ဝမ်းတွင်းမြို့နယ် သိမ်တောင်တောရကျောင်းတိုက်အတွင်းရှိသောက်သုံးရေကန် ကောလာနေမှုအတွက် သောက်သုံးရေအရည်အသွေးစစ်ဆေးပြီး မြေသားရေကန်၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သည့် မြေလွှာများ မပါရှိစေရန်နှင့် ရေစိမ့်ဝင်မှု မရှိစေရန် တူးဖော်ထားသော မြေသားမျက်နှာပြင်များကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကူမဲမြို့ ပြက္ခရွှေတောင်တော် တက်လမ်းတွင် ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုပ်သမားများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံ

မန္တလေး မေ ၁၇

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Unit)ဖြင့် အလုပ်ဌာနများအရောက် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းအစီအစဉ်ကို ကြည့်ရှုအားပေးသည်။

**အလုပ်သမားရေးရာများ ဆွေးနွေး**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်-၁ ရှိ စီပိုင်တီချည်မျှင်စက်ရုံမှ အာမခံ အလုပ်သမား ၇၀၆ ဦးနှင့် ဒုံးပျံဂျုံမှုန့်စက်ရုံမှ အာမခံအလုပ်သမား ၁၀၉ ဦးတို့ကို ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး စက်ရုံအလုပ်သမားများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အလုပ်သမားရေးရာများ ဆွေးနွေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ကျော်ညီမြတ်ကုမ္ပဏီသို့ သွားရောက်၍ စက်ရုံလည်ပတ်မှုအခြေအနေများနှင့် မန္တလေးမြို့ရှိ အလုပ်သမားရေးရာ တိုင်းဒေသကြီးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)





# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် မေ ၁၇

ကုန်သွယ်မှုဆိုင်ရာအသိပညာပေးသင်တန်း ၁/၂၀၂၆ ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း-MRCCI အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးရှိ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး၌ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဘဝရဲ့ ပဲ့ကိုင်ရှင်

ကျောင်းတစ်ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ကျောင်းအုပ်ကြီးတစ်ယောက်တည်းရဲ့ စွမ်းဆောင်ချက်နဲ့ မရနိုင်မှန်းသိတဲ့ ကျောင်းအုပ်ကြီး မသီတာဟာ ကျောင်းမှာရှိတဲ့ ဆရာမများ၊ ဝန်ထမ်းများ၊ မိဘများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများပါ တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ တစ်စိတ်တစ်ဝမ်းတည်း ကြိုးစားဆောင်ရွက်မှ ဖြစ်မယ်ဆိုတာကို သိထားသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျောင်းရဲ့စည်းကမ်းရှိရေး၊ စည်းလုံးညီညွတ်ရေး၊ ပညာရည်မြင့်မားပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ဘက်စုံထူးချွန်ထက်မြက်သူတွေ မွေးထုတ်ပေးနိုင်ဖို့ မသီတာက အမြဲကြိုးစားနေသူဖြစ်ပါတယ်။

ကျောင်းဖွင့်စကတည်းက ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောပြထားပြီး အများမြင်သာတဲ့နေရာတွေမှာလည်း Notice Board နဲ့ ပြသထားပါတယ်။ တနင်္လာနေ့တိုင်း ပြုလုပ်တဲ့ စုဝေးသဘင်မှာ သူကိုယ်တိုင်သာမက ဆရာမများလည်း အလှည့်ကျ လိမ္မာရေးခြားရှိဖို့ အခါအားလျော်စွာ ထုတ်ပြန်တဲ့ စည်းကမ်းတွေ လိုက်နာဖို့ ဟောပြောစေပြီး ဟောပြောချက်များကိုလည်း မှတ်တမ်းပြုစုထားပါတယ်။ မသီတာရဲ့ ကျောင်းက အမျိုးသမီးများသာရှိတဲ့ ကျောင်းဖြစ်လို့ ခွင့်လိမ်တိုင်တာ၊ ရည်းစားနဲ့ ချိန်းတွေ့တာတွေ မဖြစ်ဖို့ အမြဲသတိထားနေရပါတယ်။ မိဘလက်မှတ် နမူနာယူထားပြီး ခွင့်စာမှာထိုးတဲ့ လက်မှတ်နဲ့ တူ၊ မတူစစ်ဖို့၊ အမှတ်တမဲ့ ခွင့်စာကို ယူမထားလိုက်ဘဲ ခွင့်စာလာပေးသူကို သေချာစွာ လေ့လာဖို့ မကြာခဏ ခွင့်ယူသူများ၊ ခွင့်ရက်ရှည်ယူသူများကို အတန်းပိုင်ကိုယ်တိုင် အိမ်အရောက် သွားရောက်စစ်ဆေးဖို့ အမြဲမှာကြားနေရပါတယ်။ မိန်းကလေးတွေဖြစ်လို့ ခွင့်လိမ်တိုင်ပြီး လမ်းမှားရောက်သွားမှာကို အမြဲပူပန်နေတဲ့ မသီတာဟာ အတန်းတိုင်းက နေ့စဉ်တင်ပြတဲ့ ခွင့်ယူစာရင်းကို သူကိုယ်တိုင်အမြဲစစ်ဆေးလေ့ရှိပါတယ်။

တနင်္လာနေ့ ထမင်းစားကျောင်းတက်ပြီး မွန်းလွဲ ၂ နာရီလောက်မှာ န၀မတန်း(ဃ)က အတန်းပိုင် ဒေါ်ခင်ညိုညိုဟာ ငိုနေတဲ့ ကျောင်းသူတစ်ယောက်နဲ့အတူ မသီတာရဲ့ ရုံးခန်းကို ရောက်လာပါတယ်။

‘ဝင်ခွင့်ပြုပါ ဆရာမကြီး’

‘လာပါ ဆရာမ၊ ဒီကလေးမကကော ဘာဖြစ်လို့ ငိုနေတာလဲ’

‘ဒီကလေးမက ကျွန်မအတန်းပိုင်က ဝင်းဝင်းပါ၊ သူ့အဘွား ဆုံးတယ်လို့ အိမ်နီးချင်းတစ်ယောက်က သူ့ကို လာပြောလို့ ငိုနေတာပါ ဆရာမကြီး၊ လာပြောတဲ့လူက အခြားနာရေးကိစ္စတွေ ရှိသေးလို့ဆိုပြီး ကမန်းကတန်း ပြန်ထွက်သွားပါတယ်’

‘ကဲ သမီး အဘွားက ဘယ်သူ့ အမေလဲ၊ ဘာရောဂါနဲ့ ဆုံးတာလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ’

‘အဘွားက ကျွန်မအမေရဲ့ အမေပါ၊ အသက် ၈၀ နှစ် ရှိပြီ လေဖြတ်နေတာပါ’

‘အိပ်ယာထဲ လဲနေတာလား’

‘သွားသွား လာလာပါပဲ၊ သွေးတိုးရှိတော့ ဆရာဝန်နဲ့ အမြဲပြနေရတာပါ’

‘ကဲ ဆရာမရေ နာရေးဆိုတော့လည်း ခွင့်မပေးလို့ မဖြစ်ပြန်ဘူး။ ဆရာမ ခွင့်ဘယ်လောက်ပေးမလဲ၊ ဆရာမ သဘောထားလေး ပြောပါအုံး’

‘ကျွန်မ သဘောကတော့ ခုမကြာခင်က ဆုံးသွားတာဆိုတော့ အိမ်ပြန်လွှတ်လိုက်ပြီး ဒီညနေနဲ့ အင်္ဂါ၊ ဗုဒ္ဓဟူး နှစ်ရက် ခွင့်ပေးပြီး ရက်လည်တော့မှ ထပ်ပေးချင်ပါတယ်’

‘ဆရာမ ပြောတာ ကောင်းပါတယ်’ သူက စက်ဘီးနဲ့ လာတာဆိုရင် အိမ်ပြန်လွှတ်လိုက်ပါ၊ ခွင့် နှစ်ရက်ခွဲ ပေးလိုက်မယ်။ ကြာသပတေးနေ့မှာ ရက်လည်တယ်ဆိုရင် ခွင့်ထပ်တိုင်ပါ။ နောက်နေ့တွေမှဆိုရင် ကြာသပတေးနေ့ ကျောင်းတက်ရမယ်။ ရက်လည်အတွက် လုပ်ဖြစ်တဲ့နေ့မှာ ခွင့်ထပ်တင်ရမယ်။

‘ဟုတ်ကဲ့ပါ ဆရာမကြီး’

‘ဆရာမရေ နာရေးဆိုတော့လည်း ကူငွေလေးရသလောက် စီစဉ်ပေးလိုက်ပါ။ ဒါက ကျွန်မကူငွေ’ ပါဆိုပြီး တစ်သောင်းတန်တစ်ရွက် ဒေါ်ခင်ညိုညို လက်ထဲထည့်ပေးလိုက်ပါတယ်။

‘သူ့အတန်းဖော်တွေနဲ့ သူ့အတန်းသင်တဲ့ ဆရာမတွေဆီက သဒ္ဓါသလောက်ပဲ ထည့်ပါစေ။ ဖွတ်မကောက်ပါနဲ့’ ဝင်းဝင်းလည်း ဆရာမ ကောက်ပေးတဲ့ ငွေကိုယူပြီး အိမ်ပြန်သွားပါတယ်’

အင်္ဂါနေ့မှာ ဒေါ်ခင်ညိုညိုက ဝင်းဝင်းတို့အိမ်သိတဲ့ မလှရီကို ခေါ်ပြီး ‘မလှရီရေ မင်းတို့အိမ်နဲ့ ဝင်းဝင်းတို့အိမ်နဲ့ နီးသလား’

‘နီးတော့ မနီးပါဘူး။ နှစ်ပြလောက် ဝေးပါတယ်။ ကျောင်းသွား၊ ကျောင်းပြန်တော့ သူတို့အိမ်နားက ဖြတ်သွားပါတယ်’

‘ဒါဆို ဒီနေ့ ကျောင်းဆင်းလို့ အိမ်ပြန်ရင် ဝင်းဝင်းတို့အိမ် ပတ်ဝန်းကျင်ကို လေ့လာခဲ့ပါ၊ နာရေး ရှိ၊ မရှိ ပတ်ဝန်းကျင်ကို လေ့လာခဲ့စမ်းပါ’

‘ဟုတ်ကဲ့ပါ ဆရာမ’

နောက်နေ့ ဗုဒ္ဓဟူးနေ့မှာတော့ မလှရီက ‘ဆရာမရေ ဝင်းဝင်းတို့ အိမ်မှာရော၊ ပတ်ဝန်းကျင်မှာ ဘာနာရေးမှ မရှိပါဘူးရှင့်’

‘အေး ... ဟုတ်ပြီ ... ကျေးဇူးပဲ’

ဒေါ်ခင်ညိုညိုက ဒီသတင်းကို ဆရာမကြီးကို တင်ပြတဲ့အခါ ‘အယ်တော့ ... ငါတို့ကို ခွင့်လိမ်တိုင်သွားပြီထင်တယ်၊ မောင်သာခင်ကို ဝင်းဝင်းတို့ အိမ်လိပ်စာပေးပြီး မိဘအုပ်ထိန်းသူကို ခုချက်ချင်း လိုက်လာခဲ့ဖို့ သွားခေါ်ခိုင်းလိုက်’

‘ဟုတ်ကဲ့ပါ ဆရာမကြီး’

မကြာခင် မောင်သာခင်နဲ့ မိန်းမနှစ်ယောက် ဒေါ်ခင်ညိုညိုနဲ့ အတူ ရောက်လာပါတယ်။

‘ကျောင်းက ခေါ်တယ်ဆိုတော့ စိတ်ပူနေကြမှာပေါ့’

‘ဒီနေ့ ဝင်းဝင်း ကျောင်းသွားသလား’

‘သမီးကျောင်းနေ့တိုင်း သွားပါတယ်၊ ကျောင်းမှာ မရှိလို့လား’

‘အဒေါ်မှာ လေဖြတ်ထားတဲ့ အသက် ၈၀ ကျော် အမေ ရှိသလား’

‘ရှိပါတယ်၊ ဘာလေမှ မဖြတ်ပါဘူး။ ကျန်းကျန်းမာမာ သွားသွားလာလာပါပဲ။ သွေးတိုးရှိလို့ တစ်ခါတစ်ရံ ဆေးခန်းသွားတာက လွဲလို့ ကျန်းမာပါတယ်’

‘အဒေါ်တို့ အရပ်ထဲမှာကော နာရေးရှိလား’

‘မရှိပါဘူးရှင့်’

‘ဒါဆို ရှင့် သမီး ကျွန်မတို့ကို လိမ်သွားပြီ၊ တနင်္လာနေ့ မွန်းလွဲ ၂ နာရီလောက်မှာ အိမ်နီးချင်းဆိုသူ လူတစ်ယောက်က သူ့အဘွားဆုံးတယ်လို့ လာပြောတော့ ဝင်းဝင်းက ငိုနေလို့ တနင်္လာနေ့ ညနေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ခွင့်ပေးလိုက်ပါတယ်။ ရက်လည်မှ ခွင့်ထပ်ပေးမယ်ဆိုပြီး နာရေးကူငွေတောင် ကောက်ပေးလိုက်ပါသေးတယ်’

‘ဖွဟဲ့ လွဲပါစေ ... ဖယ်ပါစေ ... ကျွန်မအမေ ဘာမှမဖြစ်ပါဘူး။’ ပါလာတဲ့ ဝင်းဝင်းအစ်မက

‘အမေ့ သမီး ကျွန်မတို့ကိုလည်း လိမ်သွားပြီ’

‘ဘယ်လို လိမ်သွားတာလဲ’

‘မှတ်မှတ်ရရ တနင်္ဂနွေနေ့မှာ ဝင်းဝင်းက သူ့အတန်းပိုင် ဒေါ်ခင်ညိုညိုရဲ့ ယောက်ျားက မဖြစ်မနေ ညအိပ်ခရီး နှစ်ရက်၊ သုံးရက်လောက် သွားစရာရှိတာမို့ သူတို့ သားအမိနှစ်ယောက်ကို အဖော်လာလုပ်ပေးဖို့ အကူအညီတောင်းတယ်လို့ ပြောပါတယ်။ တနင်္လာနေ့ ကျောင်းဆင်းတာနဲ့ ဆရာမအိမ်လိုက်သွားပြီး ဆရာမယောက်ျား ပြန်လာတာနဲ့ ပြန်ခဲ့မယ်ပြောပြီး ကျောင်းဝတ်၊ အရပ်ဝတ် အဝတ်အစားတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေပါ ခရီးဆောင်အိတ်ထဲ ထည့်ယူသွားပါတယ်။ ဆရာမနဲ့လည်း ခင်နေတော့ ဆရာမက အကူအညီတောင်းတာပါဆိုတာနဲ့ ကျွန်မလည်း ဘာမှထပ်မမေးတော့ဘဲ အိတ်ကိုတောင် စက်ဘီးပေါ်တင်ပေးလိုက်ပါသေးတယ်။ ဆရာမနဲ့နေရင် ဆရာမစိတ်ဆိုးအောင်မလုပ်ဖို့၊ အိမ်မှုကိစ္စတွေဝိုင်းလုပ်ပေးဖို့ အလိုက်တသိ လိမ်လိမ်မာမာနေဖို့ မှာလိုက်ပါသေးတယ်’

‘ဒါဆို အဘွားဆုံးလို့ဆိုပြီး တနင်္လာနေ့ ညနေကတည်းက ပြန်သွားတယ်။ အိမ်ကျတော့ ဆရာမယောက်ျား ခရီးသွားလို့ အဖော်လုပ်ပေးရမှာမို့ ဆရာမအိမ်သွားမယ်ပြောတယ်။ အင်္ဂါနေ့မှာ ဘာနာရေးမှ မရှိဘူးဆိုလို့ ဗုဒ္ဓဟူးနေ့မှာ မိဘကို အခေါ်ခိုင်းလိုက်တာပါ။ ဒါဆို တနင်္လာနေ့ကတည်းက အိမ်မှာမရှိဘဲ ပျောက်သွားတာပါ။ ဗုဒ္ဓဟူးနေ့မှာမှ ကျောင်းနဲ့အိမ်ကို ခွင့်လိမ်တိုင်သွားတာ သိရတော့ ခုချက်ချင်း လိုက်ရှာကြပါ။ မိန်းကလေးတစ်ယောက် နှစ်ရက်ကျော် ပျောက်သွားနေပြီဆိုတော့ စိုးရိမ်စရာဖြစ်နေပြီ ရဲစခန်းကိုလည်း လူပျောက်တိုင်ကြပါ။ သူ့မှာ ရည်းစားရှိသလား’

‘ဒါတော့ ကျွန်မတို့လည်း မသိပါဘူး’

‘ဘယ်သူနဲ့ အဆက်အသွယ်ရှိသလဲ၊ ဘယ်ကို သွားတတ်သလဲ၊ လူစုခွဲ ရှာကြပါ။ တွေ့တာနဲ့ ကျွန်မဆီ သတင်းပို့ပါ’

‘ဝင်းဝင်း အမေနဲ့ အမလည်း မျက်စေ့မျက်နှာပျက်ပျက်နဲ့ ပြန်သွားကြပါတယ်’

‘မသီတာက အညိုရေ အတန်းထဲက ကလေးတွေကို သူ့အကြောင်း မေးကြည့်ပါအုံး’

ဒေါ်ခင်ညိုညိုက ဝင်းဝင်းနဲ့ တစ်ခုံတည်းတိုင်တဲ့ နွယ်နွယ်ကို မေးကြည့်တော့

‘တနင်္လာနေ့ ထမင်းစားကျောင်းဆင်းတုန်း ကျွန်မက သန့်စင်ခန်း သွားပြီး ပြန်လာတော့ ဝင်းဝင်းက စာစီစာကုံးရေးနေတုန်း လက်ခုပ်တီးသံကြားလို့ လမ်းမကို လှမ်းကြည့်လိုက်တော့ ဆံပင်ဝါကြောင်ကြားနဲ့ ကပြားရုပ်ပေါက်နေတဲ့ အသားဖြူဖြူ ပိန်ပိန်ပါးပါး လူငယ်တစ်ယောက်က ဝင်းဝင်းဆီ ပြောင်းဖူးတစ်ဖူး ပစ်ပေးလိုက်ပါတယ်။ ကျွန်မလည်း သန့်စင်ခန်းမှ ထွက်ရင်း အမှတ်တမဲ့ လှမ်းကြည့်လိုက်တော့ ပြောင်းဖူးထဲက စာရွက်ခေါက်ကလေးကို ဝင်းဝင်းက ဖတ်ပြီး ပြောင်းဖူးစားနေတာ မြင်ရပါတယ်။ သူ့မှာ ရည်းစား ရှိ၊ မရှိ ကျွန်မ မသိဘူး။ ဆရာမ တစ်ခုံတည်းထိုင်ပေမယ့် သူနဲ့ ရင်းရင်းနှီးနှီး မရှိလှပါဘူး။ သူနဲ့ သွားအတူ၊ လာအတူနေတဲ့ တင်မမကို မေးကြည့်ပါလား’ နွယ်နွယ်က အကြံပေးလို့ တင်မမကို ခေါ်မေးတဲ့အခါ -

‘ကျွန်မတို့ အတူသွား၊ အတူလာကြပေမယ့် သူ့အကြောင်း သိပ်မပြောပါဘူး။ ကျောင်းဖွင့်စကတော့ မီးခြစ်စက်ရုံနားက အသားဖြူဖြူ ကပြားရုပ်နဲ့ ကောင်လေးတစ်ယောက်က ရည်းစားစာပေးတယ်လို့ တစ်ခါပြောဖူးပါတယ်။ ကျွန်မတို့အတန်းက အပေါ်ထပ်မှာရှိတဲ့ အပြင်လမ်းမနဲ့နီးတော့ ကောင်လေးက နေ့လယ်ကျောင်းဆင်းရင် မုန့်ထုပ်တွေ ပစ်ပေးတာကို တစ်ခါမြင်ဖူးလိုက်ပါတယ်။ မီးခြစ်စက်ရုံနားနေတယ်ဆိုတာကလွဲပြီး ဘာမှမသိတော့ ရှာရခက်ပါတယ် ဆရာမ’ ဒေါ်ခင်ညိုညို ခေါင်းမီးတောက်နေပြီ သဲလွန်စကလည်း မခိုင်လုံဆိုတော့ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ဖြစ်နေပါတယ်။

ကြာသပတေးနေ့ မနက်မှာ ဝင်းဝင်းအမေနဲ့ အစ်မ ရောက်လာပြီး ‘ဆရာမကြီးရေ ... ဝင်းဝင်းကို တွေ့ပြီ၊ မီးခြစ်စက်ရုံနားနေတဲ့ ကောင်လေးအိမ်မှာ တွေ့လို့ ပြန်ခေါ်ခဲ့ပြီ’

‘ဝင်းဝင်းကို မသေကောင်း မပျောက်ကောင်းတွေ့လို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ဝင်းဝင်းက မိဘနဲ့ ဆရာကို လိမ်ပြီး သုံးညအိပ်ပျောက်နေတာဆိုတော့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို တင်ပြပြီး အဆုံးအဖြတ်ခံရမှာမို့ မနက်ဖြန်မှ လာခဲ့ပါ။ ခုတော့ ပြန်နိုင်ပါပြီ’

ချက်ချင်းပဲ အစည်းအဝေးခေါ်လိုက်ပါတယ်။ ဝင်းဝင်းဟာ ကျောင်းအုပ်ကြီးနဲ့ အတန်းပိုင်ဆရာမကိုသာမက အမေနဲ့ အစ်မကိုလည်း လိမ်ပြောတယ်။ သုံးညပျောက်နေတယ်။ အပျိုစင်ကျောင်းသူတစ်ယောက်လို့ သတ်မှတ်ဖို့ ခဲယဉ်းပြီမို့ မိဘကို ပြန်အပ်ရန် ဆုံးဖြတ်ကြပါတယ်။ နောက်နေ့တော့ သူ့တို့အပြစ် သူတို့သိသွားပြီး ကျောင်းကလက်ခံမှာ မဟုတ်တော့ဘူးဆိုတာ သိသွားလို့ ပေါ်မလာကြတော့ပါဘူး။

ကိုးတန်းကျောင်းသူဘဝနဲ့ မိဘနဲ့ ဆရာကို လိမ်ပြီး ရည်းစားနောက်လိုက်သွားတဲ့ ဝင်းဝင်းရဲ့အဖြစ်ကို သင်ခန်းစာယူပြီး နောင်အလိမ်မခံရအောင် ပန်းလေးများ အချိန်မတိုင်မီ ကြွေလွင့်မသွားအောင် ဘက်ပေါင်းစုံက သတိကြီးစွာ ထိန်းသိမ်းရမယ့် ဘဝရဲ့ ပဲ့ကိုင်ရှင် ဆရာမတွေရဲ့ တာဝန်ဟာ အလွန်အရေးပါကြောင်း မသီတာ ကောင်းစွာ သဘောပေါက်မိပါတော့တယ်။

အေးအေးခိုင်(ပညာရေး)

◎ စာမျက်နှာ ၂၄ မှ

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား(Event) ၁၂ မျိုးတွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Men's Bodybuilding 75kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မောင်မောင်မြင့်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့်တတိယဆုကို မြန်မာအသင်းမှ စတီဗင်စိုးထွန်းတို့ကလည်းကောင်း၊ Men's Bodybuilding 80kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ချမ်းမြေ့ထွန်း၊ ဒုတိယဆုနှင့် တတိယဆုကို ဖိလစ်ပိုင်နှင့် ဗီယက်နမ်အသင်းတို့မှ အားကစားသမားများက လည်းကောင်း၊ Men's Bodybuilding Over 80kg ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ အောင်ခိုင်ဝင်းတို့က လည်းကောင်း ရရှိကြသည်။

Men's Athletic Physique Up to 160 cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဟိန်းထက်ဇော်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ရဲထက်နိုင်တို့က လည်းကောင်း၊ Men's Athletic Physique Up to 167cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဝေလင်းကျော်၊ ဒုတိယဆုကို မလေးရှားအသင်းမှ အားကစားသမားနှင့် တတိယဆုကိုဗီယက်နမ်အသင်းမှ အားကစားသမားတို့က လည်းကောင်း၊ Men's Athletic Physique Over 167 cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုနှင့် တတိယဆုကိုမလေးရှားအသင်းမှ အားကစားသမားတို့က လည်းကောင်း၊ Women's Ahtletic Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို မြန်မာအသင်းမှ မိုးသက်ခိုင်နှင့် တတိယဆုကိုဗီယက်နမ်အသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Women's Athletic Physique Over 160cm ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့်တတိယဆုကိုမလေးရှားအသင်းမှ အားကစားသမားတို့က လည်းကောင်း ရရှိကြသည်။

Women's Model Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မီမီကျော်နိုင်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကိုထိုင်းအသင်းမှအားကစားသမားတို့ကလည်းကောင်း၊ Women's Model Physique up to 165cm ပြိုင်ပွဲတွင်ပထမဆုကိုထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ထူးမြတ်ဝေတို့ကလည်းကောင်း၊ Women's Model Physique Over 165cm ပြိုင်ပွဲတွင်ပထမဆုကိုဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို ထိုင်းအသင်းမှ အားကစားသမားနှင့် တတိယဆုကိုမြန်မာအသင်းမှ ဝင်းသော်တာအောင်တို့က လည်းကောင်း ရရှိကြသည်။

Mixed Pairs ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်း၊ ဒုတိယဆုကို ဗီယက်နမ်အသင်းနှင့် တတိယဆုကို မြန်မာအသင်းမှ ဝေလင်းကျော်နှင့် လဲ့ရည်ထွန်းတို့ကလည်းကောင်း၊ Men's Team Championship ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ပထမဆုကိုမြန်မာနိုင်ငံ၊ ဒုတိယဆုကို ဗီယက်နမ်နိုင်ငံနှင့် တတိယဆုကို ထိုင်းနိုင်ငံတို့က လည်းကောင်း၊ Women's Team Championship ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုတွင် ပထမ ဗီယက်နမ်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံနှင့် တတိယထိုင်းနိုင်ငံကလည်းကောင်း၊ Overall Championship Mr. south East Asia 2026 ကာယဗလမောင်ဆုကို မြန်မာနိုင်ငံမှ ချမ်းမြေ့ထွန်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။



ထို့နောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အကြိမ် (၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပခဲ့ရာ ယနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု စုစုပေါင်းဆုတံဆိပ် ၂၅ ခု တို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၁) ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း စက်ကိရိယာချေးငွေ တိုးမြှင့်ထုတ်ချေးနိုင်ရေး တောင်သူများအား ရှင်းလင်းပြောကြား



**မန္တလေး မေ ၁၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီး ဘဏ်ခွဲမှ ကြီးမှူးကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း စက်ကိရိယာချေးငွေတိုးမြှင့် ထုတ်ချေးနိုင်ရေးအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာတွင် ကျင်းပ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်း(အထက်မြန်မာပြည်)၊ ညီနောင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ၊ တိုင်းဒေသကြီးမန်နေဂျာ ဦးသက်ဦးက ရက်ပေါင်း ၁၀၀ အတွင်း စက်ကိရိယာချေးငွေ တိုးမြှင့်ထုတ်ချေးနိုင်ရေးနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ချေးငွေလိုအပ်ချက်ကို ပံ့ပိုးနိုင်ရန်အတွက်လည်းကောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံကျတဲ့ လက်တွန်း လယ်ထွန်စက်၊ ထော်လာဂျီ၊ ကောက်စိုက်စက်၊ ရေစုပ်စက်၊ ရေတင်စက်များကဲ့သို့ တန်ဖိုးနည်းပါးသည့် စက်များမှအစ အခြောက်ခံစက်(Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက်၊ ဆီစက် အစရှိသည့် တန်ဖိုးမြင့်မားသည့် စက်ကိရိယာများအထိ ဝယ်ယူအသုံးပြုနိုင်စေရေးအတွက်လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ ချေးငွေထုတ်ချေးနိုင်ရေး အစီအစဉ်သစ်အား ရက်(၁၀၀)ကာလအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ၂၀၂၆ ခုနှစ် မေလဆန်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာချေးငွေ ထုတ်ချေးရေးအစီအစဉ်သစ်သည် အတိုးနှုန်း သက်သာသောချေးငွေဖြစ်ပြီး တောင်သူလယ်သမားများရဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းများ ကိုခေတ်မီဖွံ့ဖြိုးစေနိုင်ခြင်း၊ စက်ကိရိယာများကို သုံးစွဲလုပ်ကိုင်လာနိုင်ခြင်းကြောင့် လုပ်သားအင်အားအသုံးပြုရမှုကို လျှော့ချနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားစေရေး များစွာအထောက်အကူပြုပေးနိုင်ခြင်းတို့ကြောင့် ချေးငွေရယူသော တောင်သူလယ်သမားများအတွက် များစွာအကျိုးရှိစေမှာဖြစ်ကြောင်း၊ ချေးငွေအမျိုးအစား၊ ချေးငွေပမာဏနှင့် ချေးငွေသက်တမ်းများကတော့ အမျိုးအစား(၄)မျိုး သတ်မှတ်ထားပြီး ငွေကျပ်သိန်း ၁၀၀ မှ ငွေကျပ်သိန်း ၅၀၀ အထိ နှစ်ချင်းဆပ်ချေးငွေ ပေးဆပ်ကာလ(၁)နှစ်၊ ငွေကျပ် ၅၀၁ သိန်းမှ ငွေကျပ်သိန်း ၁၀၀၀အထိ နှစ်တိုချေးငွေ ပေးဆပ်ကာလ (၃)နှစ်၊ ငွေကျပ် ၁၀၀၁ သိန်းမှ ငွေကျပ် သိန်း ၃၀၀၀ အထိ နှစ်ရှည်ချေးငွေ ပေးဆပ်ကာလ (၅)နှစ်၊ ငွေကျပ် သိန်း ၃၀၀၁ မှ ငွေကျပ်သိန်း ၅၀၀၀အထိ နှစ်ရှည်ချေးငွေ ပေးဆပ်ကာလ (၅)နှစ်တို့ဖြစ်ပြီး၊ ချေးငွေအတိုးနှုန်းကတော့ တစ်နှစ်ကို ခြောက်ရာခိုင်နှုန်းဖြစ်ကြောင်း ပြောကြားသည်။ စက်ကိရိယာချေးငွေနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များအား တာဝန်ရှိသူ အသီးသီးက ရှင်းလင်းဆွေးနွေးကြပြီး တောင်သူများ၏ ထပ်မံသိရှိလိုသည့်အချက်များအား ပြန်လည်ဖြေကြားဆွေးနွေးပေးကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၆)**

ဝ-ဝ-ဝ-ဝ-ဝ



## လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

**မန္တလေး မေ ၁၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီ ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် လူသစ်တန်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက မန္တလာသီရိအားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပလျက်ရှိသည်။

မန္တလေးမြို့ ကလပ်ပေါင်းစုံမှ လာရောက်ယှဉ်ပြိုင်သော အလွတ်တန်းနှင့် လူသစ်တန်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို မေလ ၁၅ ရက်နေ့က စတင်ယှဉ်ပြိုင်ခဲ့ကြပြီး ၁၇ ရက်နေ့တွင် ဖိုင်နယ်ဗိုလ်လုပွဲအဖြစ် အမျိုးသမီးအလွတ်တန်း 46 KG၊ 48 KG၊ 51 KG နှင့် အမျိုးသား လူသစ်တန်း 48 KG၊ 51KG၊ 54 KG၊ 57 KG၊ 60 KG၊ 62.5 KG၊ 67 KG၊ 69 KG၊ 71 KG နှင့် အမျိုးသားအလွတ်တန်း 48 KG၊ 51 KG၊ 54 KG၊ 57 KG၊ 60 KG၊ 63.5 KG၊ 67 KG စုစုပေါင်း ၁၉ ပွဲ ယှဉ်ပြိုင်ခဲ့ကြသည်။


အဆိုပါပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆု၊ ကြေးတံဆိပ်ဆုနှင့် ဆုအသီးသီး ရရှိခဲ့သူများကို တိုင်းဒေသကြီး အားကစားမှူး ဦးနိုင်လင်းအောင်နှင့် အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးက ရွှေ၊ ငွေ၊ ကြေး တံဆိပ်အများဆုံး ရရှိခဲ့သည့် UMC Boxing Club အသင်းအား ပထမတံခွန်စိုက်ဒိုင်းဆုနှင့် ငွေကျပ် ၁၅ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အလင်းသစ်**

❒ ကမ္ဘောဇလားမှ

သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပထမပွဲငယ်တွင် ၁၅-၇ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရရှိပြီး အင်ဒိုနီးရှားနှင့် နောက်ဆုံးပွဲတွင် ပထမပွဲငယ်၌ ၁၅-၉ မှတ်ဖြင့် အနိုင်ရရှိကာ ဒုတိယပွဲငယ်တွင် ၇-၁၅ မှတ်၊ တတိယပွဲငယ်၌ ၁၃-၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ လေးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၁၁ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ လေးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့အဖြစ် မြန်မာအသင်းသည် မေ ၁၈ ရက်တွင် တရုတ်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ISTAF**

# တရုတ်-ရုရှားကုန်စည်ပြပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့





**ပေကျင်း မေ ၁၇**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့တွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် တရုတ်-ရုရှားကုန်စည်ပြပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မေ ၁၇ ရက်တွင် အသီးသီးပေးပို့ခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် တရုတ်-ရုရှား မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့အစည်း တည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ်နှင့် တရုတ်-ရုရှား အိမ်နီးချင်းကောင်းနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ချုပ်ဆိုသည့် ၂၅ နှစ်မြောက်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့ကာ အောင်မြင်မှုများရရှိခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ယခုကျင်းပသည့် ပြပွဲသည် နှစ်နိုင်ငံ၏ ကဏ္ဍအသီးသီးအတွက် ၎င်းတို့၏ နယ်မြေများနီးကပ်မှုနှင့် အပြန်အလှန် အကျိုးပြုသည့် အားသာချက်များကို အသုံးချရန်၊ ဘက်စုံလက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးကို စဉ်ဆက်မပြတ်မြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။ တရုတ်-ရုရှားဘက်စုံမဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးမှတစ်ဆင့် ခေတ်သစ်တစ်ခုအတွက် တည်ငြိမ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ယခုပြပွဲသည် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများ ကျင်းပသည့် စင်္ကြံတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ပြပွဲသည် အပြုသဘောဆောင်သော ရလဒ်များရရှိစေမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှု အလားအလာသစ်များ ဆောင်ကြဉ်းပေးမည်ဖြစ်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကျေးဇူးများ ယူဆောင်လာပေးမည်ဟု ယုံကြည်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

# မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်း AFC Women's Champions League ဆီမီးဖိုင်နယ်ပွဲ ယှဉ်ပြိုင်ရန် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိ



**ဆိုးလ် မေ ၁၇**

မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်းတစ်သင်းက AFC Women's Champions League ဆီမီးဖိုင်နယ်ပွဲ ယှဉ်ပြိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အနောက်ဘက် အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။

အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံသို့ ရှစ်နှစ်အတွင်း ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်း Naegohyang Women's FC သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တောင်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်းနှင့် ဆူဝန်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တောင်ကိုရီးယားအားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယား အားကစားသမားများ နောက်ဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အင်ချွန်း၌ ကျင်းပသော နိုင်ငံတကာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် World Tour Grand Finals ပြိုင်ပွဲတွင်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြောက်ကိုရီးယားကစားသမား ချာဟရိဆင်းမ်သည် တောင်ကိုးရီးယားကစားသမား ဂျန်ဝူဂျင်းနှင့် နှစ်ယောက်တွဲ အတူယှဉ်ပြိုင်ပါဝင်ကစားခဲ့သည်။

မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်း Naegohyang Women's FC ကို ၂၀၁၂ ခုနှစ်တွင် ပြုံယမ်းမြို့တော်၌ တည်ထောင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ် မြောက်ကိုရီးယား ပထမတန်းလိဂ်ဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အသက် ၅၆ နှစ်အရွယ်ရှိ နီပေါရှာပါးလမ်းညွှန် ကာမီရီတာ ဧဝရက်တောင်ကို (၃၂)ကြိမ်မြောက် တက်ရောက်နိုင်ခဲ့

**ခတ္တမန္ဒူ မေ ၁၇**

နာမည်ကျော် နီပေါရှာပါးလမ်းညွှန်တစ်ဦးသည် မေ ၁၇ ရက်တွင် ဧဝရက်တောင်ကို (၃၂)ကြိမ်မြောက်အဖြစ် တက်ရောက်နိုင်ခဲ့ပြီး ယမန်နှစ်က တင်ရှိထားသော ကိုယ်ပိုင်စံချိန်ကို ချိုးနိုင်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက အတည်ပြုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အသက် ၅၆ နှစ်အရွယ်ရှိ ကာမီရီတာ ရှာပါးသည် ဖော်တင်းပိခ်စ် အိတ်စပီဒစ်ရှင်းကုမ္ပဏီမှ အဖွဲ့ဝင်များကို လမ်းညွှန်ရင်း ကမ္ဘာ့အမြင့်ဆုံးဖြစ်သည့် ရှစ်ထောင်ရှစ်ရာလေးဆယ့် ကိုးမီတာမြင့်သော တောင်ထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းဦးစီးဌာနက ယခုကဲ့သို့ သမိုင်းဝင်မှတ်တိုင်ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ခြင်းနှင့် တောင်တက်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတွင် ပါဝင်ကူညီခဲ့ခြင်းတို့အတွက် အဆိုပါ ရှာပါးလမ်းညွှန်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်သည်။

၎င်းသည် မေ ၁၇ နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် တောင်ထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး အသက် ၅၂ နှစ်အရွယ်ရှိ လက္ခပါးအမည်ရှိ ရှာပါး အမျိုးသမီးတစ်ဦးသည်လည်း အဆိုပါတောင်ထိပ်သို့ (၁၁) ကြိမ်မြောက် တက်ရောက်နိုင်ခဲ့သဖြင့် အမျိုးသမီးများထဲတွင် အများဆုံးတက်ရောက်နိုင်သည့် စံချိန်တင်ခဲ့သော်လည်း ၎င်းတို့ တောင်တက်ခဲ့သည့် အသေးစိတ်အချက်အလက်များကိုမူ မရရှိရသေးကြောင်း သိရသည်။

Mon

# ကုန်တင်ရထားနှင့် အများပြည်သူစီး ဘတ်စ်ကား ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဝင်တိုက်မှုဖြစ်ပွား

**ဘန်ကောက် မေ ၁၇**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ယမန်နေ့က ကုန်တင်ရထားတစ်စီးနှင့် အများပြည်သူစီး ဘတ်စ်ကားတစ်စီး ဝင်တိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး အခြားလူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသို့ ဝင်တိုက်မိရာမှ အများပြည်သူစီးဘတ်စ်ကား မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

ယင်းဖြစ်စဉ်အတွင်း အနီးနားရှိ မော်တော်ယာဉ်အချို့လည်း တိုက်မိခဲ့သဖြင့် မီးသတ်သမားများနှင့် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ရပြီး မီးသတ်အဖွဲ့များက မီးကိုထိန်းချုပ်နေစဉ် ကယ်ဆယ်ရေးအဖွဲ့များက ပျက်စီးသွားသော ယာဉ်အပြတ်အအပျက်အစီးများထဲမှ ဒဏ်ရာရရှိသူများကို ဆွဲထုတ်ကယ်ဆယ်ဆောင်ရွက်ခဲ့ကြသည်။

မီးကို မီးသတ်အဖွဲ့များက ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပြီး အဆိုပါဧရိယာတွင်ထိခိုက်ခံရသူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါ မတော်တဆမှုသည် မေ ၁၆ မွန်းလွဲပိုင်းက ဘန်ကောက်မြို့လယ်ရှိ မက္ကဆန်ရထား ဘူတာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



# ရောမစာကြည့်တိုက်မှ အလယ်ခေတ်စာအုပ်တစ်အုပ်ထဲတွင် ရှေးအကျဆုံး အင်္ဂလိပ်ကဗျာကို သုတေသီများ ရှာဖွေတွေ့ရှိ

**ရောမ မေ ၁၇**

အိုင်ယာလန်နိုင်ငံမှ သုတေသီများသည် ရောမစာကြည့်တိုက်တစ်ခုတွင် ရှာဖွေတွေ့ရှိခဲ့သည့် အလယ်ခေတ်စာအုပ်တစ်အုပ်ကို ကွန်ပျူတာဖန်သားပြင်ပေါ်၌ ကြည့်ရှုကာ အံ့သြမှင်တက်မိကြပြီး ၎င်း၏ဒစ်ဂျစ်တယ်စာမျက်နှာများကို လှန်လှောကြည့်ရှုရာမှ ၎င်းတို့အလိုရှိနေသည့် ရတနာတစ်ပါးဖြစ်သော လက်ရှိအချိန်အထိ ကျန်ရစ်သည့် ရှေးအကျဆုံး အင်္ဂလိပ်ကဗျာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မိမိတို့အနေဖြင့် အလွန်အမင်း အံ့အားသင့်ခဲ့ရပြီး နှုတ်ဆိတ်သွားခဲ့ရကာ ၎င်းကိုပထမဆုံး တွေ့လိုက်ရသည့် အချိန်တွင် မိမိတို့မျက်စိကိုပင် မိမိတို့မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်ဟု ထရီနီတီကောလိပ် ဒပ်ဘလင်၏ အင်္ဂလိပ်စာဌာနမှ ဧည့်သည်သုတေသီတစ်ဦးဖြစ်သူ အယ်လီဆာဘက်တာ မာဂနန်တီက အက်ဆိုစီယေးတက်ပရက်စ်သတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် အဆိုပါကဗျာသည် လက်တင်ဘာသာဖြင့် ရေးသားထားသော အဓိကစာသားများ၏ အတွင်း၌ ပါဝင်နေခြင်းဖြစ်သော ကြောင့် ၎င်းမှာ အလွန်ထူးခြားဆန်းပြားလှသည်ဟု ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြသ

**ကလော မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊စည်ပင်သာယာရေးဌာန၊ ဈေးကော်မတီ၊ တာဝန်ခံနှင့်ဈေးသည်များ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီခွဲက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြည်သာယာဈေး၌ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်ပန်းမြို့ မီးသတ်ဦးစီးဌာန၊ မီးသတ်စခန်းမှူး ဦးအာကာငြိမ်းက ဈေးသည်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်စေရန်အတွက် ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ မီးချိတ်မီးကတ်များ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊မီးလောင်မှု၊မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းခြင်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ပြသကာ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူလူထု သိရှိလိုက်နာနိုင်စေရန် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို မေ ၁၆ ရက် နံနက် ၁၀နာရီက ရွာသစ်ကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာဟောပြောပွဲတွင် မြစ်သားမြို့မ ရဲစခန်းမှူး ဒုရဲမှူး လင်းလင်းထွန်းက ရပ်ကွက်ကျေးရွာများအတွင်း ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှုစသည့် မှုခင်းဆိုင်ရာများနှင့်ပတ်သက်၍ ဆက်စပ်မှုခင်းများ လျှော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။ဆက်လက်၍ မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ပြည့်စုံအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်



ဆက်စပ်မှုခင်းများ လျှော့နည်းကျဆင်းရေး၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲသို့ မြစ်သားမြို့ရဲစခန်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်၊ မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွာသစ်ကျေးရွာရှိ ပြည်သူလူထု စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့် (မြစ်သား)

*- *- *- *- *

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၁၁ ရက် ညနေ ၄ နာရီက နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာဖွေစဉ် ညီညီအောင်(ခ)ညွန့်အောင်ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၇၆၉,၆၆၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ညီညီအောင်(ခ)ညွန့်အောင်(၅၇)နှစ်ဆိုသူအား နောင်ချိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၁၃ ရက် ညနေ ၆နာရီ ၅ မိနစ်က ကျိုင်းတုံမြို့၊ မိုင်းဇင်းကျေးရွာအနီးတွင် ကျကဆိုသူ မောင်းနှင်ပြီး ကျရှီးဆိုသူလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျက(၄၃)နှစ်ဆိုသူနှင့် ကျရှီး(၂၃)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ကျွန်းသစ်နှင့်အခြားသစ်များ တရားမဝင်သိမ်းဆည်းထားသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**ပေါက်ခေါင်း မေ ၁၇**

မေ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၌ ကျွန်းသစ်နှင့် အခြားသစ်များ တရားမဝင်သိမ်းဆည်းထားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (အပေါ်ပုံ)

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ မဲကင်းကုန်း ကျေးရွာနေ ဦးသိန်းမြင့်(၆၂)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်း၌ သစ်များတရားမဝင် သိမ်းဆည်းထားကြောင်း သတင်းအရ ပေါက်ခေါင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါခြံဝင်းအတွင်း၌ တရားမဝင်သိမ်းဆည်းထားသော ကျွန်းသစ်တစ်လုံး၊ ကျွန်းသစ်ခွဲသား ၁၈ ချောင်း၊ ဗာဒံသစ် တစ်လုံး၊ ထောက်ကြံ့သစ်သုံးလုံး၊ အခြားသစ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သိန်းမြင့်ဆိုသူအား ပေါက်ခေါင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-မန္တလေးလမ်းပေါ်ယာဉ်တိုက်မှုဖြစ်ပွား လူညပ်နေ၍ ကူညီကယ်ဆယ်

**ကျောက်ဆည် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊သမန္တလင်းကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်းပေါ်တွင် ယနေ့ နံနက် ၆ နာရီ ၇မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး လူညပ်နေကြောင်း သတင်းရရှိသဖြင့် ကျောက်ဆည်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည်။

ယာဉ်မတော်တဆတိုက်မိမှုကြောင့် ယာဉ်မောင်းအမျိုးသားမှာ ညပ်မိ၍ သေဆုံးသွားသဖြင့် သမန္တလင်းကျေးရွာလူမှုကူညီရေးအသင်းယာဉ်ဖြင့် ကျောက်ဆည်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)



# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၃၈ ဦးတို့အား ဖုန်းမျိုးစုံ ၁၅၅လုံး၊ All In One ကွန်ပျူတာအလုံး ၃၀၊ တရုတ်ငွေ ယွမ် ၁၀၀၀၀၊ မြန်မာငွေ ၁၀ သိန်းကျပ်နှင့် Crown အမျိုးအစား မော်တော်ယာဉ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၅နာရီခန့်တွင် အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦးအား ဖုန်းမျိုးစုံ ၉၅ လုံး၊ Laptop တစ်လုံး၊ Wifi စက်နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေကြသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။







ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



တရုတ်နိုင်ငံသား အမျိုးသား လေးဦးအားတွေ့ရစဉ်။



မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦးအား တွေ့ရစဉ်။



မြန်မာနိုင်ငံသား အမျိုးသား လေးဦးအား တွေ့ရစဉ်။

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

မြို့သစ် မေ ၁၇

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတရရှိစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို မေ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က စာပေဖတ်ရှုခြင်းဆိုင်ရာအကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက အသိပညာပေး စာအုပ်စာစောင်များအား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဂျူဗင်တပ် | ၀ - ၂ | ဖီအိုရင်တီးနား | |
| ရိုးမား | ၂ - ၀ | လာဇီယို | |
| အင်တာမီလန် | ၁ - ၁ | ဗီရိုနာ | |
| အတ္တလန္တာ | ၀ - ၁ | ဘိုလော့ဂ်နာ | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဗယ်လက်ကာနို | ၂ - ၀ | ဗီလာရီးရဲလ် | |
| ဆိုစီဒက် | ၃ - ၄ | ဗလင်စီယာ | |
| ဆီဗီလာ | ၀ - ၁ | ရီးရဲလ်မက်ဒရစ် | |

ရေနုတ်မြောင်းအတွင်း အမှိုက်မပစ်ခြင်းဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ပါ။



## လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကျင်းပ

**မန္တလေး မေ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၇၅လမ်းရှိ ဆုတောင်းရ မြတ်စွာဘုရားဝင်းအတွင်း ဓမ္မဗိမာန်တော်တွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ကော်မတီဝင်များ၊ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းဆွေ၊ စိတ္တရမဟီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ ဟေမာဇလ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဦးနှင့် ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားရာ နိုင်ငံတော်မှ ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ မဲဆန္ဒရှင်ပြည်သူများရဲ့ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ကြရန်တို့ကို ပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ရပ်ကွက်အတွင်း အဝင်၊ အထွက်လမ်းများ ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေး၊ မိမိတို့ ရပ်ကွက်တည်ငြိမ်အေးချမ်း၊ လုံခြုံမှုရှိပြီး တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ ပူပေါင်းဆောင်ရွက်ပေးကြရန်နှင့် လျှပ်စစ်မီး အလုံအလောက်ရရှိစေရန်တို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပါတီဥက္ကဋ္ဌက မိမိတို့အနေဖြင့် မြို့နယ်အတွင်းရှိ တစ်ရပ်ကွက်ချင်းအလိုက် မိဘပြည်သူလူထုနဲ့ တွေ့ဆုံကာ ပြည်သူလူထုရဲ့အသံကို လွှတ်တော်သို့ တင်ပြပေးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မဲဆန္ဒရှင်ပြည်သူများမှ ရပ်ကွက်အတွင်း လိုအပ်ချက်များကို ကွင်းဆင်းစစ်ဆေးပေးရန်နှင့် လမ်းမီးတိုင်များ အလင်းရောင်ရရှိရေး စည်ပင်ယာရေပေးဝေမှု၊ အမှိုက်သိမ်းစနစ်နှင့် ရေဆိုးမြောင်းများ ရေစီးဆင်းမှု မရှိသောကြောင့် လျင်မြန်စွာ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် ရပ်ကွက်အတွင်း ကွင်းဆင်း၍ ပြည်သူလူထု၏ တင်ပြချက်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဝ၄၁)**

## အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ရန် ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဉ့်ကူး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့အတွက် စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မေ ၁၆ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့ အမှတ်(၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်လျက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသားမိဘများ၊ အ.ထ.က (စဉ့်ကူး)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က စာသင်ခန်းများအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းဝင်းပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသူများကို အားဖြည့်အချိုရည်၊ ကော်ဖီနှင့် မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**



## ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား ဝါသီးနှံမျိုးစေ့များ ထောက်ပံ့ခြင်း၊ စံပြကွက်စမ်းသပ်ဆောင်ရွက်သော တောင်သူများအား မြေဩဇာများ ပံ့ပိုး

**သရက် မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ရက်(၁၀၀)စီမံချက်အရ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား ဝါသီးနှံမျိုးစေ့များ ထောက်ပံ့ခြင်း၊ စံပြကွက် စမ်းသပ်ဆောင်ရွက်သော တောင်သူများအား မြေဩဇာများ ပံ့ပိုးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ရက်(၁၀၀)စီမံချက်အရ တောင်သူများ လိုအပ်တဲ့ သီးနှံမျိုးစေ့နှင့် သွင်းအားစုများကို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဖြင့် မျိုးကောင်းမျိုးသန့်များ ဝယ်ယူပံ့ပိုးပေးတာဖြစ်ကြောင်းနှင့် သရက်မြို့နယ်အတွက် ဝါသီးနှံမျိုးစေ့ ၁၀၀၅ ဧကအတွက် ပိဿာ ၁၃၉၀ နှင့် ကီလို ၃၁၀ ၊ အခြားသီးနှံ၊ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံမျိုးစေ့ ၆၂ တင်းနှင့် စံပြကွက် ၁၀၅ ဧကအတွက် မျိုးစေ့နှင့် မြေဩဇာများကို တောင်သူလယ်သမားများ လက်ဝယ်ပေးအပ်မှာဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပံ့ပိုးပစ္စည်းများ၊ မျိုးစေ့များ ပံ့ပိုးပေးရခြင်း၏ ရည်ရွယ်ချက်အား ပြောကြားပေးခဲ့သည်။

ထို့နောက် တောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးကိုယ်စားလှယ်(၁)၊ တိုင်းဒေသကြီးကိုယ်စားလှယ်(၂)နှင့် တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့ရာ တောင်သူများက ပံ့ပိုးပစ္စည်းများအား လက်ခံခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး၍ AML/CFT ဥပဒေဆိုင်ရာနှင့် အိမ်ခြံမြေအသိပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး မေ ၁၇**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးကျင်းပသော AML/CFT (ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး)ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်းနှင့် အိမ်ခြံမြေအသိပညာပေးသင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်းနှင့် ၇၆လမ်းထောင့်ရှိ အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း တာဝန်ရှိသူများက အဆောက်အအုံသစ်နှင့် သင်တန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကြီးကြပ်ရေးအဖွဲ့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးအောင်တိုး(စိန်ခြယ်) ကိုယ်စား အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်း (ရွှေမင်္ဂလာအိမ်ခြံမြေ)က မြေယာလေ့လာစိစစ်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းပထမပိုင်း အစီအစဉ်တွင် AML/CFT ဆိုင်ရာ အသိပညာဆွေးနွေးခြင်းကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယရဲမှူးအောင်မင်းထွဋ်ကလည်းကောင်း၊ အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်များနှင့် သိကောင်းစရာများအား အသိပညာပေးဆွေးနွေးခြင်းကို အထွေထွေအုပ်ချုပ်မှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနန်းချစ်ဦးကလည်းကောင်း၊ AML/CFT ဆိုင်ရာ အသိပညာဆွေးနွေးခြင်းကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်ကလည်းကောင်း၊ ရွာမြေ၊ လယ်မြေဥပဒေလုပ်ထုံးလုပ်နည်းများအကြောင်းကို မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဝင်းကလည်းကောင်း အသီးသီး အသိပညာပေးဆွေးနွေးခဲ့သည်။



အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ကျေးဇူးတင်လွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) (မန္တလေးနေ့စဉ်-၈)**

## စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးကျင်းပ၊ စတုတ္ထအကြိမ် ညီလာခံကိုယ်စားလှယ်ရွေးချယ်ခြင်း အခမ်းအနား ပြုလုပ်

**အမရပူရ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု (Community Centre) ခန်းမ၌ မေ ၁၆ ရက် နံနက် ၁၀ နာရီက အမရပူရမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးကျင်းပခြင်းနှင့် စတုတ္ထအကြိမ် ညီလာခံ ကိုယ်စားလှယ် ရွေးချယ်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရွေးချယ်ရေးကော်မရှင်မှ မိတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် လက်ရှိစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ရှိအလုပ်အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းကြောင်းကြေညာပြီး အမှုဆောင်ကော်မတီ အသစ်ငါးဦးတို့ကို တက်ရောက်လာသော စာရေးဆရာများက လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြပြီး စာရေးဆရာအသင်းဥက္ကဋ္ဌနေရာ၊ အတွင်းရေးမှူးနေရာနှင့် စတုတ္ထအကြိမ် ညီလာခံကိုယ်စားလှယ်များကို ရွေးချယ် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြသည်။ ရွေးချယ်ခံဥက္ကဋ္ဌက အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အဖွဲ့ဝင်များကို ရွေးချယ်ပေးခဲ့သည်။



ဆက်လက်၍ အမရပူရမြို့နယ်စာရေးဆရာအသင်းနာယက မင်းဓော(တောင်သမံ)က သြဝါဒစကားပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(ဝ၈၄)



## မဟာအောင်မြေမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မေ ၁၇**

မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အ.ထ.က(၂၄) ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးကို မေ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့များ စုစုပေါင်းအင်အား ၃၀၀ ဦးခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဒိုဇာတစ်စီးဖြင့် ကျောင်းဝင်းအတွင်း မြေစာပုံများအား မြေညှိခြင်း၊ ကျောင်းစာသင်ခန်းများအား ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာနေရာသို့ မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အန္တရာယ်ရှိ ကျောင်းဆောင်များအား ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်းနှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများအား ကျောင်းဖွင့်ရာသီ နီးကပ်လာပြီဖြစ်သဖြင့် သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် စာသင်ခန်းများ၏ အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ခုံစီခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၆)

## နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ် နေ့ချင်းပြီးထုတ်ပေးမှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကလော မေ ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှု နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများအား နေ့စဉ် အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကလောမြို့နယ်ဦးစီးမှူးရုံးသို့ မေ ၁၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးမှု အခြေအနေအား ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့မှ ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)



## ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

**မိတ္ထီလာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၆–၂၀၂၇ခု ဘဏ္ဍာရေးနှစ် အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းကို မေ ၁၅ ရက် မွန်းလွဲ ၂ နာရီက ကဖြူကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။

အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပန်းတော်ဆက်စိုက်ပျိုးရေးခြံမှ ခြံတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သန်းနွယ်ဌေးက ပြည်ပပို့ကုန်သီးနှံဖြစ်သော ဝါမျိုးများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းမြတ်ခိုင်က သီးနှံများ ပိုးမွှားကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရက်(၁၀၀)စီမံချက်ဖြင့် ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းသို့ သပြေပင်ကျေးရွာမှ ဝါစိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၆၉)

## ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်စေရန် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက်ပိုင်းက အေးမြကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေမင်းနှင့် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်တို့က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နွယ်နီက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မင်းဘူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဌေးက သင်တန်းသူများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မင်းဘူးခရိုင်ရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးဖြင့် အခြေခံနှင့် မွမ်းမံသင်တန်းများအဖြစ် မေ ၁၅ ရက်မှ ဇွန် ၂ ရက်အထိ ရက်ပေါင်း ၁၄ ရက်ကြာ ကျွမ်းကျင်နည်းပြများဖြင့် ကျွမ်းကျင်တတ်မြောက်စွာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ စနစ်တကျ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေး၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)အတွင်း လုပ်ငန်းထူထောင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(ဝဲပုံ) (၅၀၀)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ပဲစင်းငုံဈေးအနည်းငယ်မြင့်တက်လာသော်လည်း ပြည်တွင်းသုံးပဲများဈေးကျဆင်းလာ

ပို့ကုန်ပဲစင်းငုံ ဈေးအနည်းငယ် မြင့်တက်လာသော်လည်း ပြည်တွင်းသုံးပဲများ ဈေးကျဆင်းလာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ဧပြီလကုန်ပိုင်းကတည်းက အသစ်ဝင်ပဲများ ဝင်ရောက်နေရာ မေလဆန်းပိုင်းတွင် လှောင်လက်သမားများ၏ အဝယ်ကောင်းခဲ့ပြီး ယခု မေလလယ်ပိုင်းတွင် အရောင်းအဝယ်အေးသွားခြင်းဖြစ်သည်။

ဒေါ်လာငွေဈေးနှုန်းအတက်အကျနှင့်အတူပို့ကုန်ပဲများ ဈေးတက် ဈေးမြင့်ဖြစ်လေ့ရှိရာ မေ ၁၅ရက်နေ့မှ စတင်ကာ ပို့ကုန်ပဲများ တက်ရိပ်ပြလာကြောင်း၊ ပြည်တွင်းသုံးကုလားပဲ၊ မြေပဲဆန်နှင့်ပဲမာလိုင်းများမှာ ဈေးကွက်အဝယ်အေးနေကြောင်း၊ အထက်အညာမှ မြေပဲဆန်များ အဝင်များလာတာကြောင့် ဈေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်း ရွှေစင်သိန်း ပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"မြေပဲတွေက ဈေးကွက်ထဲ အဝင်များလာတော့ ဆီဆန်တွေလုံးဆန်တွေ ဈေးအနည်းငယ်ကျပါတယ်။ ကုလားပဲအုပ်စုကလည်း အတက်အကျ နည်းနည်းလိုရောင်းလိုဝယ်ဈေးကွက်ပဲရှိတယ်။ ပြည်တွင်းသုံးပဲတွေလည်း အဝယ်အေးပါတယ်။ အဝယ်သွက်တဲ့ပဲကြီးက ပုံမှန်အဝယ်သာ ရှိပါတယ်။ပို့ကုန်ပဲတွေမှာ ပဲစင်းငုံဈေးအနည်းငယ်မြင့်တက်လာပါတယ်။" ဟု ၎င်းက ပြောသည်။



မေ ၁၇ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၈၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၂၀၀၀၊ V7သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၇၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၃၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၉၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ မေ ၁၇ ရက်တွင် ပဲကြီး တစ်အိတ်လျှင်ငွေကျပ် ၆၀၀၀၀၀၊ ကျွန်းစားတော်ပဲ(အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ ပဲနီပြား(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲဖီးကြက်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၁၇ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**

*-*-*-*-*-*-*

## ငါးဖမ်းရာသီပိတ်ချိန် ပင်လယ်ငါးအဝင် လျော့နည်းလာခြင်းကြောင့် အေးခဲပင်လယ်စာ ဝယ်လိုအားမြင့်တက်

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးအတွက် မိုးရာသီကာလ သုံးလကြာ ငါးဖမ်းဆီးခွင့် ပိတ်သိမ်းထားသည့်အချိန်တွင် ပြည်တွင်းပင်လယ်စာဈေးကွက်အတွင်း လတ်ဆတ်သော ပင်လယ်ငါးအဝင် လျော့နည်းလာခြင်းကြောင့် အေးခဲပင်လယ်စာများ ဝယ်လိုအား သိသိသာသာ မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

နှစ်စဉ် မိုးရာသီကာလတွင် ငါးသားပေါက်ရာသီဖြစ်သည့်အတွက် ငါးသယံဇာတ မပြုန်းတီးစေရန် ပင်လယ်ငါးဖမ်းဆီးမှုများကို ကန့်သတ်ထားလေ့ရှိပြီး ယင်းကာလအတွင်း ပြည်တွင်းဈေးကွက်တွင် မွေးမြူရေးငါးများနှင့် အအေးခန်းသိုလှောင်ထားသည့် အေးခဲပင်လယ်ငါးများကို အဓိက အားထားစားသုံးလာကြခြင်း ဖြစ်သည်။

လက်ရှိဈေးကွက်အတွင်း ငါးမြစ်ချင်း၊ ငါးတန်၊ ကန့်စွန်းငါးစသည့် ရေချိုမွေးမြူရေးငါးများအပြင် အေးခဲထားသည့် ပင်လယ်ငါး၊ ပုစွန်၊ ပြည်ကြီးငါးများလည်း ရောင်းအားကောင်းနေပြီး အထူးသဖြင့် အသားလွှာပြီးသား ငါးအသားတုံးများနှင့် အေးခဲပုစွန်များမှာ လူကြိုက်များနေသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများမှတစ်ဆင့် အေးခဲငါး၊ ပုစွန်၊ ဂဏန်းနှင့် ပြည်ကြီးငါးများကို နေ့စဉ်ဈေးကွက်သို့ ဖြန့်ဖြူးပေးနေပြီး ကမ်းနီးငါးဖမ်းလှေငယ်များမှ ရရှိသည့် လတ်ဆတ်သော ရေထွက်ကုန်အချို့လည်း ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိသည်။

လက်လီဈေးကွက်အတွင်း ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၃၀,၀၀၀ မှ ၃၂,၀၀၀ အထိ၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၂၀,၀၀၀ မှ ၂၃,၀၀၀ အထိ၊ ငါးခူတစ်ပိဿာလျှင် ငွေကျပ် ၄၀,၀၀၀ မှ ၄၂,၀၀၀ အထိနှင့် ပုစွန်တုပ်တစ်ပိဿာလျှင် ငွေကျပ် ၆၅,၀၀၀ မှ ၇၀,၀၀၀ အထိ ရောင်းချလျက်ရှိသည်။

"ရေချိုငါး ဈေးကွက်ကတည်ငြိမ်နေပေမယ့် ပင်လယ်ငါးတွေကတော့ ရာသီပိတ်ချိန်မှာ ရှားပါးလာနိုင်ပါတယ်။ ဒါကြောင့် ပင်လယ်ငါးနဲ့ ပုစွန်တွေကို အအေးခန်းတွေနဲ့ သိုလှောင်ထားရပြီး သိုလှောင်စရိတ် မြင့်တက်လာနိုင်တာကြောင့် ဈေးနှုန်းတွေလည်း တက်နိုင်ပါတယ်" ဟု ရေထွက်ကုန် တင်ပို့ရောင်းချသူတစ်ဦးက ပြောသည်။

ရေထွက်ကုန်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ အအေးခန်းသိုလှောင်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းသည် ငါးဖမ်းရာသီပိတ်ချိန်အတွင်း ပြည်တွင်းစားသုံးမှုကို ထိန်းညှိပေးနိုင်သည့်အပြင် ပင်လယ်စာဈေးနှုန်းများ အဆမတန် မြင့်တက်မသွားစေရန်လည်း အထောက်အကူပြုနေကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**





## မြေပဲ၊ နှမ်း စိုက်တောင်သူများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် အာမခံ သီးနှံဈေးနှုန်းများ သတ်မှတ်

ဆီထွက်သီးနှံအများဆုံး စိုက်ပျိုးသည့် မကွေးတိုင်းဒေသကြီးအတွင်း မြေပဲ၊နှမ်း စိုက်ပျိုးသည့် တောင်သူများကို အာမခံဝယ်ယူမည့် သီးနှံဈေးနှုန်းများကို မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းက သတ်မှတ်ထုတ်ပြန်ထားသည်။

မကွေးတိုင်းဒေသကြီးအတွင်းက တောင်သူများအနေဖြင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်းများ တိုးချဲ့စိုက်ပျိုးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆီထွက်သီးနှံ အာမခံဈေးနှုန်းများကို သတ်မှတ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မြေပဲစိုက်တောင်သူများ စိုက်ပျိုးကုန်ကျစရိတ်အထက်မှာ သီးနှံပေါက်ဈေးရှိနေအောင် သတ်မှတ်ထုတ်ပြန်ထားခြင်းဖြင့် တောင်သူများ သီးနှံပေါ်ချိန် အာမခံဈေးရှိတာကြောင့် ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"အာမခံသီးနှံပေါက်ဈေးကို တောင်သူ စိုက်ပျိုးစရိတ်အထက် ဖြစ်အောင်၊ တောင်သူအတွက် အကျိုးအမြတ်ရှိမယ့် ဈေးနှုန်းဖြစ်အောင် သတ်မှတ်ပေးထားပါတယ်။ တောင်သူတွေ ဆီထွက်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် သီးနှံအာမခံဈေးကို ဖွင့်ပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

လာမည့် သီးနှံပေါ်ရာသီအတွင်း ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀-၁၅၀၀၀၀၊နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀-၁၂၀၀၀၀ သတ်မှတ်ပေးထားခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း သီးနှံစိုက်ဧက ၆၄ သိန်းကျော်ရှိရာ ဆီထွက်သီးနှံစိုက်ဧက ၂၇ သိန်းကျော်ရှိပြီး စိုက်ဧကအားလုံး၏ ၄၂ ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိသည်။

မေလဆန်းပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုရှိလာတာကြောင့် မြေပဲ၊ နှမ်းနှင့် နေကြာများ စတင်စိုက်ပျိုးနေပြီ ဖြစ်သည်။

လက်ရှိမှာ ပြည်တွင်းဆီဖူလုံရေးအတွက် ပြည်ပကနေ စားအုန်းဆီကို တင်သွင်းနေရဆဲ ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်တို့ကို ၈ ဒသမ ၇ သန်းနီးပါး စိုက်ပျိုးရန်လျာထားခဲ့ပြီး ဆီကုန်ကြမ်းများ ကြိတ်ခွဲပါက စားသုံးဆီ တန်ချိန် ၈ ဒသမ ၆ သိန်းနီးပါး ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။

မြေပဲနှင့် နှမ်းမျိုးစုံမှာ ဆီကုန်ကြမ်းအနေဖြင့်သာ တင်ပို့နေခြင်းဖြစ်ရာ နှစ်စဉ် သီးနှံပေါ်ချိန် ဈေးကျဆင်းမှုများကို တောင်သူများ ကြုံတွေ့ရတာကြောင့် ယခုလို သီးနှံအာမခံဈေးနှုန်းများ သတ်မှတ်ပေးခြင်းက တောင်သူများ စိုက်ပျိုးမှုကို တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသားလူငယ်များ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအကြောင်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။



အသိပညာပေး ဟောပြောပွဲ၌ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝပတ်ဝန်းကျင်မပျက်စီးရေး ပိုင်းဝန်းထိန်းသိမ်းသွားရေးနှင့် မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များအကြောင်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက သစ်ပင်သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ဆက်စပ်နေမှုများ အကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိရေး အလေးထားဆောင်ရွက်ရေးအကြောင်းများကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ် (ဆင့်ပွား)သင်တန်း ဆွေးနွေးပွဲ ပို့ချ

**တောင်တွင်းကြီး မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်(ဆင့်ပွား)သင်တန်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆွေးနွေးပွဲကို ဗဟိုအဆင့် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းနည်းပြဆရာ၊ဆရာမ ၄၆ ဦးက သင်ကြားပို့ချလျက်ရှိကာ အခြေခံပညာကျောင်းများမှ သင်တန်းသား ၂၀၃ ဦးနှင့် သင်တန်းသူ ၉၅၃ ဦး၊ ကိုယ်ပိုင်ကျောင်းများမှ သင်တန်းသူ လေးဦးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ သင်တန်းသူနှစ်ဦး၊ စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား စုစုပေါင်း ၁၁၆၂ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ အဆိုပါသင်တန်းကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(အပေါ်ယာပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**



## ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပ

**ပုံပါကျင် မေ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့မွန်းလွဲ ၂ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို ကျင်းပရာ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရေချွေတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒသွေး

### ခေတ်မီပညာ ဦးဆောင်ပါ

* "ထင်း" တစ်ချောင်းကို၊ "ဖြောင်း" ခနဲချိုး
လွယ်ကူကျိုးလည်း၊ ထပ်တိုးထင်းများ
စုစည်းထားသော်၊ ကျိုးသွားစေရန်
ခွန်အားသန်မှ၊ ပြီးမြောက်စွရှင့်။
* "အုတ်" တစ်ခဲကို၊ ကွဲသွားစေရန်
စွမ်းနိုင်ပြန်လည်း၊ ထပ်မံအုတ်များ
စုစည်းထားသော်၊ ခွန်အားများစွာ
သုံးပြုပါမှ၊ ပြီးနိုင်စွရှင့်။
* စည်းလုံးညီတူ၊ မြန်ပြည်သူတို့
ဖွေးဖြူစိတ်ထား၊ ကြံ့ကြံ့ပွားလည်း
ခွန်အားချင်ယှက်၊ လက်ချင်းဆက်လည်း
ပြည်တွက်သေခံ၊ မတွန့်ပြန်လည်း
နိုင်ငံရေ့ရေး၊ စဉ်မြဲတွေးလည်း
ရဲသွေးချစ်ကြည်၊ ငွဲမာန်ညီ၍
ခေတ်မီပညာ၊ ဦးဆောင်ပါမှ
ကမ္ဘာပေါ်တွင်၊ ပခုံးယှဉ်လျက်
တော်ဝင်တင့်ဆန်း - ညွှန်းလိမ့်တကား
ပေါ်လွင်ပွင့်ပန်း - လန်းလိမ့်တကား
မြော်မြင်မြင့်မှန်း - မြန်းလိမ့်တကား။ ။

**အိမ်တင်အေး(ပုလဲ)**

## စာဖတ်ခြင်း အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် မေ ၁၇**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို မေလ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟုသုတရရှိစေမည့်စာပေများ၊ မိမိတို့နှင့်လိုက်လျောညီထွေဖြစ်မည့် စာပေများကိုရွေးချယ်ဖတ်ရှုရန် လိုအပ်ပါကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှုနိုင်မြင့်တင်ရေး အသိပညာပေးစာအုပ်စာစောင်များကို တက်ရောက်လာသည့် ပြည်သူများကလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**





## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တစ်နေ့တာဆွမ်းအတွက် အလှူငွေ လှူဒါန်း

**မန္တလေး မေ ၁၇**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် -မန္တလေးမြို့နေ ကိုဝင်းမင်းအောင်(တရားလွှတ်တော်ရှေ့နေ)+ မဥမ္မာသောင်း(တရားလွှတ်တော်ရှေ့နေ)၊(သမီး) မသန့်နန္ဒီအောင်(ခ)ဖူးဖူ မွေးနေ့အထိမ်းအမှတ်အတွက် မိသားစုတို့မှ တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက်လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိ

**ကလော မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်တွင် မိုးရာသီကာလအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရန်အတွက် ဒေသခံပြည်သူများအနေဖြင့် ပျိုးပင်များကို အခမဲ့စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ကလောမြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိသည်။

ကလောမြို့နယ် အင်းပြင်ပျိုးဥယျာဉ်နှင့် ဟဲဟိုးပျိုးဥယျာဉ်တို့တွင် ပျိုးထောင်ထားရှိသည့်ဒေသနှင့်ကိုက်ညီသည့် ထင်းရှူး ၆၃၀၀ ပင်၊ စိန်ပန်းပြာ ၁၁၆၀၀ ပင်၊ စိန်ပန်းနီ ၁၇၀၀ ပင်၊ ခါတော်မီ ၁၀၈၀၀ ပင်၊ ချယ်ရီ ၆၀၁၀ ပင်၊ ယူကလစ် ၁၂၅၀၀ ပင်၊မဟော်ဂနီ ၁၀၉၀ ပင်၊ စုစုပေါင်း ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိပြီး ၂၀၂၆ ခုနှစ် ဇွန်လတွင် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်
လိုင်လိုင်ရဖို့ စိုက်ပျိုးစို့ ။




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(မမ္မာစရိယ၊B.A)ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး (ဖခင်)ဦးစောဝင်း၊(ဦးကြီး) ဦးမောင်မောင်၊ (အဒေါ်) ဒေါ်ခင်ဆွေ၊(သား)ကိုဖြိုးကိုနိုင်တို့အားရည်စူးပြီး (မိခင်)ဒေါ်ခင်ဆင့်အားအမှူးထားကာ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်သန်းဦးက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၃သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာမ္ဘကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း၊ အဖွဲ့ဝင် ဦးမြင့်စိန်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ) PNT

## လျှင်ဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လှူဒါန်းသော နေအိမ်များအား ကြည့်ရှုလေ့လာ

**တံတားဦး မေ ၁၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းနှင့် ဟောင်ကောင်ကြက်ခြေနီအသင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်လှူဒါန်းထားသော မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်များရှိ နေအိမ်များကို မေ ၁၅ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများက ကြည့်ရှုလေ့လာကြသည်။

အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် အဆိုပါနေအိမ်များ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ဒေသခံပြည်သူများ အဆင်ပြေစွာနေထိုင်ခြင်း ရှိ၊မရှိ ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## ယခုနှစ်မိုးရာသီတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လူထုဖြန့်အစီအစဉ်ဖြင့် ပျိုးပင်ပေါင်းလေးသောင်း အခမဲ့ ဖြန့်ဝေစိုက်ပျိုးသွားမည်

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ သဘာဝတောများကောင်းမွန်စေရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးအတွက် လူထုဖြန့်အစီအစဉ်ဖြင့် ပျိုးပင်ပေါင်းလေးသောင်း အခမဲ့ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်စွာမြင့်ဦးထံမှ သိရသည်။

ထိုသို့ လူထုဖြန့်အစီအစဉ်ဖြင့် အခမဲ့စိုက်ပျိုးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် သာသနာ့နယ်မြေများအတွင်း ကျွန်း၊ တမာ၊စိန်ပန်း၊ ယူကလစ်၊ယင်းမာ၊ငုရွှေ၊မန်ကျည်းစသည့် အရိပ်ရပျိုးပင်လေးသောင်းအား ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကာ ပြည်သူများအနေဖြင့် မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်ခြံတွင် လာရောက်ထုတ်ယူစိုက်ပျိုးနိုင်သည်။

"ယခုလို လူထုဖြန့်အစီအစဉ်ဖြင့် စိုက်ပျိုးရခြင်းရဲ့ ရည်ရွယ်ချက်က ဒေသခံပြည်သူလူထုအား သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး တန်ဖိုးထားထိန်းသိမ်းတတ်စေဖို့၊ သစ်တောသစ်ပင်များရဲ့ အကျိုးကျေးဇူးတွေကို သိရှိနားလည်ပြီး ဒေသတွင်းဆောင်ရွက်နေတဲ့ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနဲ့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လိုတဲ့ အလေ့အကျင့်များရရှိစေဖို့ စည်းကမ်းမဲ့သစ်တောသစ်ပင်များ ခုတ်လှဲခြင်းများ ရှောင်ကြဉ်နိုင်စေဖို့ စတဲ့ရည်ရွယ်ချက်နဲ့ အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်သစ်တောဦးစီးမှူးက ပြောကြားကြောင်း သိရသည်။

(၄၄၅)

## မိုးသီးနှံရက်(၁၀၀)အတွင်း စိုက်ပျိုးဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးစေ့များထောက်ပံ့ပေးအပ်

**မြို့သစ် မေ ၁၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် ရက် (၁၀၀)အတွင်း Quick Win ဆောင်ရွက်မည့် မိုးသီးနှံစိုက်တောင်သူများအား သီးနှံမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအဖွဲ့ဝင်များနှင့် ရက်(၁၀၀) Quick Win ဆောင်ရွက်မည့် ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် တောင်သူများအား သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးညဏ်မြင့်ဦးက ဌာနမှဆောင်ရွက်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်များပြန့်ပွားရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်း၊ စိုက်နည်းစနစ်မှန်ကန်စွာ တိုးတက်လာစေရေးအတွက် တောင်သူနည်းပညာပေးလုပ်ငန်း၊ သုတေသနစမ်းသပ်ပြုလုပ်သည့်လုပ်ငန်းများအပေါ် တောင်သူများမှ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အမိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်နည်းစနစ်များ မှန်ကန်စွာ လိုက်နာကျင့်သုံးကြစေရန်ပြောကြားခဲ့သည်။

ထို့နောက် ရက်(၁၀၀)အတွင်း မိုးသီးနှံစိုက်ပျိုးဆောင်ရွက်မည့် ကျေးရွာအုပ်စုများမှ တောင်သူများအား စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း ၊ ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၃၈)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒဿမ ၀၃၁၆)ဧက အကျယ်အဝန်းရှိ ဦးသိန်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အတွင်းမှ အလယ်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒဿမ ၀၀၉၉)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင် မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၇/၂၀၂၄)ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အဲဟွာ(ဘ)ဦးလုံးမိုင်ခေး(၁၃/လလန(နိုင်)၀၄၄၆၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးဖြိုးသက်အောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖဖ-၉/၃၄(က)၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၅၂၁၈၄၊ ၀၉-၄၅၃၃၆၆၄၅၆**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၂၂)၊ Grade(5)မှ မသင်းဇေယျာဝတီ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးဟိန်းထက်မိုး** (၅/စကန(နိုင်)၂၄၈၈၉၈)ဖြစ်ပါကြောင်း။

**ဦးဟိန်းထက်မိုး**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၂)၊ ဦးပိုင်အမှတ်(၆၄)၊ ၁၇လမ်းနှင့်၁၈လမ်းကြား၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းရွှေ(၉/မနမ(နိုင်)၀၄၄၀၆၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၉)၊ ဦးပိုင်အမှတ်(၄၀-ခ)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမိုးလွင်(၉/မရမ(နိုင်)၀၁၁၉၉၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိမိမော်(၁၃/လရန(နိုင်)၀၆၅၆၀၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၉၄)၊ ဦးပိုင်အမှတ်(၁၈-က)၊ ၂၉လမ်း၊ လမ်း၈၀နှင့်၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကိုကိုမောင်(၉/တတဥ(နိုင်)၀၁၆၄၈၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၄၇/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစုလှိုင်(၅/စကန(နိုင်)၁၇၁၂၆၉)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၄၉)၊ ၅၈လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ချိုဖိန်း(ခ)ရန်ကွယ်စန်း(၁၃/လရန(နိုင်)၀၃၀၈၂၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြားရင်(၁၃/နခန(နိုင်)၀၉၈၀၀၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၁)၊ ဦးပိုင်အမှတ် ၄၃-ခ ခဲစင်းအရှေ့ခြမ်း၊ ၁၇လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးရှိန်၊ မငို၊ မောင်တူ၊ မသန်းတို့ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၁၉၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်မြင့်မြင့်စိန်(၉/မနမ(နိုင်)၀၈၅၇၈၂)၊ ဒေါ်စန်းစန်းငွေ(၉/မနမ(နိုင်)၀၄၃၇၇၇)၊ ဒေါ်တင်တင်ဆွေ(၉/မနမ(နိုင်)၁၁၇၉၂၃)တို့က အမည်ပေါက်မြေပုံ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၁)၊ဦးပိုင်အမှတ်(၁၇+၁၈-က)၊ ၃၁လမ်း၊ ၈၁လမ်းနှင့် ၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးအောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၆၃၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်နန်းရွှေပွင့်(ခ)ရွှေပွင့်(၉/မရမ(နိုင်)၀၅၈၄၅၈)က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## "ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း × ၁၂၃ လမ်းထောင့်နေ **ဦးမင်းဇော်မြတ်** (ဘ) ဦးအောင်တိုး [၈/မမန (နိုင်) ၂၃၈၇၃၀] ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ လိုက်ပါသည်။

### မှတ်ပုံတင် စာချုပ်အမှတ် (၇၈၆/ ၂၀၂၆)

အထက်တွင် ဖော်ပြထားသော **"Viva"** FOR CLEAN ENERGY & GREEN ENVIRONMENT ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင် ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟ ကြေညာစာတမ်း စာချုပ် မှတ်ပုံတင်အမှတ် (၇၈၆/၂၀၂၆) အရ ကျွန်ုပ်၏ မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့် "ဆိုလာရေပန့် (Solar Water Pump)၊ ဆိုလာပန့်အင်ဗာတာ (Solar Pump Inverter) ဆိုလာ မီးအားဖြင့်စက်၊ ဆိုလာပန်ကာ၊ ဆိုလာမီးအမျိုးမျိုး၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုး" တို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ လူအများယုံကြည်စိတ်ချစွာဖြင့် အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်း အသုံးပြုပြီး ထုတ်လုပ်လျက်ရှိသော **"Viva"** FOR CLEAN ENERGY & GREEN ENVIRONMENT ကုန်အမှတ်တံဆိပ်ကို တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲ နေသည်များကို တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်၏ စရိတ်ငွေကြေးများ တောင်းခံနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

**ဒေါ်အေးသိင်္ဂီစိုး (LL.B) တရားလွှတ်တော်ရှေ့နေ**

၆၃(A) လမ်း၊ ၂၀×၂၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ (ဖုန်း ၀၉-၄၀၂၆၀၀၂၆၃၊ ၀၉-၄၀၁၀၄၄၉၉၉)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်တွင် နေထိုင်သူများဖြစ်သော ဦးရန်နိုင်လတ်(ဘ)ဦးခင်မောင်လတ်(၉/မရမ(နိုင်)၀၈၉၉၃၀)နှင့် ဒေါ်သူဇာလတ်(ဘ)ဦးတင်မောင်လတ်(၉/မမန(နိုင်)၀၇၆၈၂၈)မှတ်ပုံတင်ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အမည်ကောင်းသတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်ရပ်တည်ပြီး သမာအာဇီဝဖြင့် စီးပွားရှာဖွေနေကြသူများဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများ၊ မိသားစုဝင်များကို ပတ်ဝန်းကျင်နှင့် ဆိုရှယ်မီဒီယာ စာမျက်နှာများပေါ်၌ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်ထိခိုက်နစ်နာစေရန် Telegram, FaceBook, TikTok, Viber အစရှိသည့် ဆိုရှယ်မီဒီယာစာမျက်နှာများအား အသုံးပြုကာ ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်သတင်းများ၊ ဓာတ်ပုံများ၊ ပို့စ်များကို ဖန်တီးပြုလုပ်ပြီး ကျွန်ုပ်မိတ်ဆွေများ၏ အသိုင်းအဝိုင်းများနှင့် ပတ်ဝန်းကျင်မှဖြစ်စေ မဟုတ်မမှန်သတင်းများအား ပြောဆိုရေးသားခြင်းများ၊ လုံး၀(လုံး၀)မပြုလုပ်ရန်နှင့် ထိုကဲ့သို့ မဟုတ်မမှန်သတင်းများကို ပြုမူပြောဆိုရေးသားခြင်းများအား တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရန်နိုင်လတ်၊ ဒေါ်သူဇာလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဖြိုးကိုကို(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၁၉လမ်းနှင့် လမ်း၂၀ကြား၊ ၆၃(အေ)လမ်း၊ အနိပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၀၄၈၃၈၈**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၅၉၀/၁ မြေကွက်အမှတ်(၂-က)၊ ဧရိယာ(၃ ဒဿမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒဿမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် မန္တလေးဂါးဒင်းစီးတီးကုမ္ပဏီမှ ဆောက်လုပ်ထားသော ဂါးဒင်းစီးတီး apartment complex အတွင်းရှိ တိုက်အမှတ်(၉)၊ အလွှာ(၇)၊ အခန်းအမှတ်(၃)၊ ၆၀၅ စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးရန်လင်းထူး(ဘ)ဦးဇော်မင်းထူး(၉/ခအဇ(နိုင်)၀၁၃၃၀၂)ထံမှ ဦးရှင်းသန့်အောင်(ဘ)ဦးကျော်မိုး(၁၃/ကလန(နိုင်)၁၅၂၃၀၀)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တချို့တစ်ဝက်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရှင်းသန့်အောင်(ဘ)ဦးကျော်မိုး(၁၃/ကလန(နိုင်)၁၅၂၃၀၀)**

**ဖုန်း ၀၉-၇၆၈၂၂၁၈၅**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်တင်နီလာဝင်း(ဘ)ဦးသန်းဆောင်(၁၂/ဒပန(နိုင်)၀၄၄၉၆၉)နှင့် ဦးပြည့်ဖြိုးဇော်(ဘ)ဦးဇော်ဇော်(၉/ခမစ(နိုင်)၀၃၈၀၅၆)တို့သည် ၂၀၁၂ ခုနှစ်တွင် အိမ်ထောင်ကျခဲ့ပြီး သမီး မခန့်ရတီဇော် တစ်ဦးထွန်းကားခဲ့ပါသည်။ သို့ဖြစ်ပါ၍ သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် ၉-၁-၂၀၂၄ ခုနှစ်တွင် မဟာအောင်မြေခရိုင်တရားရုံး မှတ်ပုံတင်အမှတ် ၁၆/၂၀၂၄ အရ တရားဝင်ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆိုပြီး စာချုပ်အရ ပိုင်ဆိုင်မှုခွဲဝေကြပြီး ယခုလက်ရှိ ကျွန်မ နေထိုင်သော အိမ်နှင့်ပစ္စည်းအရပ်ရပ်အားလုံးသည် ၎င်းဦးပြည့်ဖြိုးဇော်နှင့် လုံးဝမသက်ဆိုင်ကြောင်း ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ဘဲ တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စများအပေါ် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ကိုယ်စိတ်ဂုဏ်သရေအမည်တို့အပေါ်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းပေါ် ရိုင်းပျစွာ ပြုမူခြင်း၊ အမည်ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းမှုများဖြစ်ပေါ်အောင် လုပ်ဆောင်လျှင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဦးပြည့်ဖြိုးဇော်နှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်မယူကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာဝင်း(ဘ)ဦးသန်းဆောင်**

**(၁၂/ဒပန(နိုင်)၀၄၄၉၆၉)**

**နန-၁၈/၄၅၊ ပြည်ကြီးတံခွန်မြို့နယ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်(ရွှေဂုံပွား)ရပ်ကွက်၊ အကွက်အမှတ်(မ-၇၂/၁)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ပြုံး အမည်ဖြင့်ချထားရရှိသော မြေကွက်၏ အနောက်ဘက်ခြမ်း ခဲစင်းပြဧရိယာ (၁၇ပေခွဲ×ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ်အိမ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် + နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အမာဌေး(အဘ)ဦးရွှေဝ(၅/ကနန(နိုင်)၀၃၃၅၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M) (တရားလွှတ်တော်ရှေ့နေ)**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့်၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၅၅-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးခင်မောင်ညွှန့် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးမင်းဇော်(ဘ)ဦးတင်အောင်(၉/မဟမ(နိုင်)၀၀၆၂၆၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-ဂ)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ဦးတင်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးစံဝင်း(ဘ)ဦးဖိုးသိုက် (၈/ထလန(နိုင်)၀၁၂၈၉၈)၊ (၂) ဒေါ်စန်းစန်းထွေး(ဘ)ဦးအောင်ခင်(၈/ထလန(နိုင်)၀၂၁၃၉၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၈၀-ခ)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးအောင်ခင် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးဖုန်းမြမိုး(ဘ)ဦးဝင်းမြင့်(၉/ခမစ(နိုင်)၀၇၄၇၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄၉ဂ-က)ကျိုကုန်းကွင်း၊ သုခမင်္ဂလာ(၃)၊ ဦးပိုင်အမှတ်(၁၀၇-ဂ)၊ဧရိယာ (၀ ဒသမ ၁၀၃၃)ဧက အကျယ်အဝန်းရှိသော ဒေါ်စန်းရီ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြမြအေး(ဘ)ဦးမောင်ကျင်(၉/ပသက(နိုင်)၀၇၀၄၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးပြောင်း အမည်ပေါက် တောဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးမိုးဝင်း(ဘ)ဦးကျော်မော်(၉/ခမစ(နိုင်)၀၁၁၅၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၂/သန့်စင်ကုန်း)၊ ဦးပိုင်အမှတ်(၇၅/၂)၊ ဧရိယာ(၁ ဒသမ ၄၉)ဧက အကျယ်အဝန်းရှိ ဦးစိန်သောင်း ပုံစံ(၇) အမည်ပေါက် လယ်မြေကွက်၏ လုပ်ကိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးစိန်သောင်း(ဘ)ဦးလှဦး(၉/ပသက(နိုင်)၀၃၆၄၃၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်တင်နီလာဝင်း**
**(တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၅)၊ ဦးပိုင်အမှတ်(၂၉-တ/၁)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးအောင်နိုင်ဝင်း(၉/အမဇ(နိုင်)၀၀၆၅၁၈)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**သင့် သွေး ဖြင့် အသက် ကယ် ပါ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၅၀-က) မြေကွက်ပေါ်တွင် ဒေါ်နန်းဖောင်အွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၃၂၈၇၀)က RC-(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျုန်တန်းရပ်ကွက်၊ ကွင်းအမှတ်(၆၀၀)၊ မြေကွက်အမှတ်(B-၁၁၂)အတွင်းရှိ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဖြစ်သည့် ဦးကျော်ဆွေ(ဘ)ဦးထွန်းမောင်(၁၃/ကလန(နိုင်)၀၁၇၈၈၈)အနေဖြင့် အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲသူရ(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၀၁၆၆၀၅၆၀၊ ၀၉–၉၆၉၁၇၈၆၇၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်နံပါတ်(၃၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၃၇)ဧက၊ (၂၀×၃၀)ပေ အကျယ်အဝန်းရှိ ဦးဖိုးထွတ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မင်းမင်းသန်း(ဘ)ဦးစောတင့်(၉/မနတ(နိုင်)၀၀၆၅၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၅)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်မှူး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညိုညိုဝင်း(ဘ)ဦးချက်ဖောင်း(၉/နထက(နိုင်)၁၂၄၅၀၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ မုန့်ပေါင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၂-မုန့်ပေါင်း-N)၊ ဦးပိုင်အမှတ်-၇၈/၂၊ ဦးအောင်မြင့်တင် အမည်ပေါက် ပိုင်ဆိုင်သော ဧရိယာ(၀ ဒသမ ၁၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူဖြစ်သော ဦးခင်မောင်သန်း(ဘ)ဦးလှမောင်(၁၃/မဆတ(နိုင်)၀၀၃၉၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ |
| --- | --- |
| ၁။ ဦးဆယ်မောင်(ဘ)ဦးရိုးတင် | ဒေါ်နီနီလွင် (LL.B,DBL) |
| (၈/ခမန(နိုင်)၁၄၉၁၃၁) | တရားလွှတ်တော်ရှေ့နေ |
| ၂။ ဒေါ်လှလှသန်း(ဘ)ဦးမြအေး | ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ |
| (၉ /ခမစ(နိုင်)၀၀၈၀၄၄) | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| | ဖုန်း ၀၉–၂၅၆၃၄၅၅၁၂ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၈)၊ တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၈-က+၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇+ ၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးမြင့်လွင်နှင့် ဒေါ်ဥမ္မာလွင်တို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ဖခင်)ဦးဝင်းထိန် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိ အမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သီရိဝင်းထိန်(ဘ)ဦးဝင်းထိန်(၅/ရဘန(နိုင်)၁၄၈၁၀၃)နှင့် ဦးဇေယျာဝင်းထိန်(ဘ)ဦးဝင်းထိန်(၅/ရဘန(နိုင်)၂၀၅၅၅၅) [၎င်းတို့၏ကိုယ်စား ဦးကျော်နှင်းဦး(ဘ)ဦးထွန်းလင်း(၅/ရဘန(နိုင်)၁၃၁၁၆၅)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်အမှတ်(၆၆)မြေကွက်၏ အလယ်ခြမ်းဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မေသန္တာကျော်(ဘ)ဦးမြတ်မိုး(ခ)ဦးမြတ်စိုး(၁၃/နခတ(နိုင်)၀၉၇၈၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B,LL.M,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မေ–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၀၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစိန်မြင့်နှင့် ဦးမြင့်သိန်း တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မွန်မွန်စော(ဘ)ဦးစောခင်အောင်(၉/မနမ(နိုင်)၀၆၆၈၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(မေ-၄၅)၊ ဦးပိုင်အမှတ်(၃၀)မြေကွက်၏ တောင်ဘက်အစွန်းဆုံး၏ မြောက်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမင်းသက်နိုင်(ဘ)ဦးသိန်း(၉/ပသက(နိုင်)၁၄၃၃၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B,LL.M,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မေ–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးမြမောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းမိုင်(ဘ)ဦးဘအောင်(၁၃/မဆတ(နိုင်)၀၃၂၀၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ မြန်မာအသင်း ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု ဆွတ်ခူး၊ နိုင်ငံအလိုက် အဆင့်(၁)ရရှိ

ရန်ကုန် မေ ၁၇

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရှစ်နိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စာမျက်နှာ ၇ သို့ ✪




## ယနေ့ မိုးလေဝသ (၁၈-၅-၂၀၂၆)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



## ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများ မြန်မာပိုက်ကျော်ခြင်းအသင်း ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မေ ၁၇

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများ ယှဉ်ပြိုင်ကစားသည်။

စာမျက်နှာ ၇ သို့ ❒

## အမျိုးသားဘောလုံးအကယ်ဒမီ(မန္တလေး၌) သင်တန်းသားသစ် အပြီးသတ်ရွေးချယ်ပွဲ ဒုတိယနေ့ လက်တွေ့စစ်ဆေးမှုများ ပြီးမြောက်

**မန္တလေး မေ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမျိုးသားဘောလုံး အကယ်ဒမီ (မန္တလေးဇုန်) သင်တန်းသားသစ် အပြီးသတ် လူရွေးချယ်ပွဲ (Final Selection) ဒုတိယနေ့ ကွင်းအတွင်း လက်တွေ့စွမ်းရည်စစ်ဆေးမှုများကို(မေလ ၁၇ ရက်)တွင် အမျိုးသားဘောလုံးအကယ်ဒမီ (မန္တလေး)၌ ဆက်လက်ပြုလုပ်ခဲ့ရာ နှစ်ရက်တာ အစီအစဉ်အားလုံး အောင်မြင်စွာ ပြီးမြောက်သွားပြီ ဖြစ်သည်။

အဆိုပါ ရွေးချယ်ပွဲတွင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် ကလေးမြို့များမှ ပဏာမ ရွေးချယ်ခံထားရသည့် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ MFF နည်းစနစ် ဒါရိုက်တာ မစ္စတာမိတ ဦးဆောင်သည့် နည်းပြအဖွဲ့က ကစားသမားများ၏ ဘောလုံးကျွမ်းကျင်မှု၊ ကြံ့ခိုင်မှုနှင့် နည်းဗျူဟာနားလည်မှုတို့ကို စနစ်တကျ စိစစ်အကဲဖြတ်ခဲ့ကြသည်။

ရန်ကုန်ဇုန်နှင့် မန္တလေးဇုန် တို့မှ ရွေးချယ်ခံရသည့် အကယ်ဒမီသင်တန်းသားသစ် အပြီးသတ် လူစာရင်းကို လာမည့် မေ ၂၂ ရက်တွင် MFF Official Facebook Page မှတစ်ဆင့် တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(NGB)**





## ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)တွင် မန်ယူ၊ လီဗာပူး၊ ဆန်းဒါးလန်းအသင်းတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် မေ ၁၇**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၇) တွင် မန်ယူ၊ လီဗာပူး၊ ဆန်းဒါးလန်း အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ဖနာရီက မန်ယူအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅မိနစ်တွင် လုခ်ရှော၊ ပွဲချိန် ၅၅မိနစ်တွင် ကွန်ညာ၊ ပွဲချိန် ၇၆မိနစ်တွင် အမ်ဘူမိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၉၀+၆)မိနစ်တွင် ကာဗက်စ်လီဝင်က သွင်းယူပေးခဲ့သည်။

ဆန်းဒါးလန်းအသင်းနှင့် အဲဗာတန်အသင်းတို့ ပွဲစဉ်တွင်လည်း ဆန်းဒါးလန်းအသင်းက အဲဗာတန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**(NGB)**

0-0-0-0-0